www.burmeseclassic.com

# ယုံမြတ်ကြယ်

ထင်သော မြင်သော

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထင်သာမြင်သာ


### ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ စက်တင်ဘာလ။

အုပ်ရေ/ တန်ဖိုး၊ – ၅၀၀ အုပ်/ ၁၂၀၀ ကျပ်

အဆုပ်ချုပ် – ကိုစိုးနိုင်နှင့်အဖွဲ့

ဖြန့်ချိရေး – ခုနစ်စဉ်ကြယ်စာပေ
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅ ၈၃

ထူးမြတ်ကြယ်
ထင်သာမြင်သာ / ထူးမြတ်ကြယ် ။ -ရန်ကုန်
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။
၁၆၀ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ထင်သာမြင်သာ


www.burmeseclassic.com

www.burmeseclassic.com

ယင်သာ

ဆိုတဲ့

မျှောက်ကဆင်းသက်လာတဲ့လူတစ်ယောက်...။

www.burmeseclassic.com



ကျွန်တော်အခု
လူတစ်စုဆီက ငွေညှစ်တာခံနေရတယ်။
သူတို့တောင်းတဲ့ငွေကို
မနက်ဖြန်မနက် ၁၀း၀၀ နာရီ
နောက်ဆုံးထားပြီး ပေးရမယ်တဲ့...။
ပြောတဲ့အတိုင်းမလုပ်လို့ကတော့...
"ဟူး"
ကျွန်တော့်ဘဝ မတွေးရဲစရာဘဲ။
ခက်တာက ကျွန်တော့်လက်ထဲ ငွေပြတ်နေတယ်။

ငွေရမယ့် နည်းလမ်းပေါင်းစုံ ကျွန်တော်စဉ်းစားပြီးပြီ။ ဘယ်ကမှရစရာလမ်းမမြင်ဖူး။

ဒါနဲ့...ကျွန်တော်က...

"ဟို...ပိုက်ဆံ...တစ်ပြားမှပေးစရာမရှိဖူး ဒီလိုလုပ်... လူကိုပဲယူသွားကြပါလားလို့...။

ဘာပြောကောင်းမလဲ ကျွန်တော့်စကားလည်းကြားရော ငွေညှစ်တဲ့လူတစ်စုက လက်တခါခါ၊ ခြေတခါခါ၊ ခေါင်းရော၊ တစ်ကိုယ်လုံးပါခါပြီး...

"ဒီမှာရှိနေတဲ့သုံးယောက်လုံးနဲ့တောင် အလိုက်ပေးပြီး ပြန်အမ်းလိုက်ဦးမယ်" တဲ့...။

●



# ငယ်ငယ်လေးဇော်

သို့မဟုတ်

ငယ်ဇော်

ကံကြမ္မာဖတ်သူ...။

!

●

www.burmeseclassic.com

www.burmeseclassic.com



ခါးတုတ်တဲ့လက်မပိုင်ရှင်တွေဟာ...

ပွင့်လင်းပြီး နေရာတကာပြောင်ပြောင်ပြောတတ်တယ်။ ပြီးတော့...

စည်းမဲ့ကမ်းမဲ့ ပြောဆိုနေထိုင်တတ်တယ်တဲ့။ ဒါတင်ကရိုးလား...

အငြိုးကြီးပြီးသည်းခံလေ့မရှိဖူးဆိုပဲ။

အဲဒါတွေထက်အဆိုးဆုံးအချက်က...

ဆန့်ကျင်ဘက်လိင်ကြောင့် စိတ်ဆင်းရဲရမယ်တဲ့။

ကျွန်မမှာခါးတုတ်တဲ့ လက်မနှစ်ချောင်းရှိတယ်။ ဒါကြောင့်...

အထက်က ဟောကွက်အတိုင်း ကျွန်မကပွင့်လင်းသူတစ်ယောက်ပေါ့...။

ပြောစရာရှိရင် ဘယ်သူ့ဖြစ်ဖြစ်ပြောင်ပဲပြောတာ။ စည်းမရှိကမ်းမရှိနေတာလည်း ကျွန်မပဲ။ တစ်ခုခုကို မကျေနပ်ရင်ငြိုးထားတတ်တယ်။ သည်းခံစိတ်နည်းပြီး ဆက်ဆက်ထိမခံရှေပန်းကန်လေ...။

အဲ... ဒါပေမယ့် နှလုံးသားရေးရာအချစ်နဲ့ ပတ်သတ်တဲ့ပြဿနာကိုတော့ ကျွန်မဟာပြောင်မကျဘဲသိပ်ပြီးလျှို့လျှို့ဝှက်ဝှက်နိုင်ခဲ့တယ်။

ကျွန်မအချစ်တွေကို ရင်ထဲမှာသည်းခံပြီး မြိုသိပ်ခဲ့တာအကြာကြီးမှတကယ် တကယ့် အကြာကြီးပါပဲ...။

●



## အခန်း (၁)

**“အတ္တာဟိ အတ္တနော နာထော”** လို့...
ဘုရားက ဟောခဲ့သည်။

●

www.burmeseclassic.com



အဖေက သူ့ကိုနောက်ဆုံးရာဇသံပေးခဲ့သည်မှာ တကယ်တော့ တစ်ပတ်ပင်မကြာသေးပါ။

"ဒီမှာဟော့ကောင်...ဒီနေ့ကစပြီး... မင်း ငါ့ဆီက ပိုက်ဆံတစ်ပြားတစ်ချပ်မှ ရဖို့မစဉ်းစားနဲ့... မင်းကိုနေစရာရှာပေး၊ ထမင်းကျွေး၊ အဝတ်ဆင်မယ်၊ အလေနတော သုံးဖြုန်းဖို့တော့ ပိုက်ဆံတစ်ပြားမှမပေးနိုင်ဖူးကွ၊ ဒီမှာ... ငါ့သား ... မင်း ပိုက်ဆံသုံးတတ်တယ်မဟုတ်လား"

"ဟာ... ဘယ့်နှာပြောလိုက်ပါလိမ့်အဖေရာ၊ သိပ်သုံးတတ်တာပေါ့၊ မယုံရင် ကျွန်တော့်ကိုအခု..."

"တိတ်စမ်း"

"အု"

တစ်ချက်လွှတ် ကုန်းအော်လိုက်သော ဖခင်ဖြစ်သူအသံကြောင့် သူ ဇက်ကလေးပုသွားရသည်။

"ငါပြောချင်တာက... မင်း ပိုက်ဆံသုံးတတ်ရင်... မင့်ဖာသာ ရှာသုံးလို့ပြောချင်တာကွ"

"ဟိုက်"

အဖေ့ကို ဘယ်သူကများ မြှောက်ပေးလိုက်ပြန်သည်မသိ။ ကောင်းချည်းကောင်းရက်နေလာခဲ့ပြီးမှ မည်သို့ဖြစ်သွားသနည်း။ အမေတော့မဖြစ်နိုင်။ အမေက ဒီတစ်ဦးတည်းသောသားကလေးကို ငုံထားမတတ်ချစ်ရှာသည်။ သူ ရေမှန်မှန်မချိုးဘဲ ညစ်ပတ်လွှန်း၍သာ ငုံမထားခြင်းပင်...။

"အေး... ငါမပေးလို့ မင့်အမေဆီက တောင်းမှာဘဲလို့





တော့ စိတ်မကူးနဲ့..."

"ဟင်"

"မင့် အမေကိုလည်း သေချာပြောထားပြီးပြီ၊ မသုံးမဖြစ်၊ မစားမဖြစ်တာကလွဲလို့ ပိုက်ဆံအပိုလုံးဝမပေးရဖူးလို့... အေး... မင်းက ငါတို့သားဖြစ်နေတော့ မိဘတို့ဝတ္တရားအတိုင်း တစ်ရက်မုန့်ဖိုးငါးရာတော့ ပုံမှန်ပေးမယ်၊ ဒါပဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်ခါတော့ အမေ့ကလည်းတော်တော့်ကို ပြတ်သားနေသည်။ သူ ငိုတောင်းတောင်း၊ ရယ်တောင်းတောင်း၊ မဲ့ပြီး၊ ကျွမ်းထိုးပြီး၊ ချော့မော့ပြီး...

မည်သို့ပင်တောင်းတောင်း အမေ့ဆီက တစ်ခွန်းတည်းသောစကားကိုသာကြားရသည်။

"အမေလည်း ဒီတစ်ခါတော့သားအဖေရဲ့စကားကို မလွန်ဆန်ဝံ့ဖူးကွယ်၊ သားအဖေအကြောင်းသိသားနဲ့... သူ စိတ်ဆိုးရင်မလွယ်ဖူး"

ရက်စက်ကြပါပေ့ဟုသာ မြည်တမ်းလိုက်ချင်သည်။ ဒါ သွေးရိုးသားရိုးတော့ဘယ်နည်းနှင့်မျှမဖြစ်နိုင်။ တစ်စုံတစ်ယောက်သော မြှောက်ပေးတဲ့သူ ရှိကိုရှိရမည်။

အမေ့အကျင့်ကို သူ အသိဆုံး။ အဖေက သူ့စီးပွားသူ အားကြိုးမာန်တက်ရှာရင်း တစ်ခါတစ်လေသူတို့သားအမိကိုပင် မေ့နေတတ်သည်။





အဲ...ဒီကြားထဲ ပတ်ဝန်းကျင်အိမ်နီးနားချင်းကပဲ ဖြစ်ဖြစ်၊ သူ့ မိတ်ဆွေတွေထဲကပဲဖြစ်ဖြစ် သူ့အကြောင်းပြောဆို တိုင်တန်းလိုက်လျှင် ထိုနေ့တစ်နေ့လုံး စက်သေနတ်ပစ်သလို မြည်တွန်တောက်တီး ကြိမ်းမောင်းလေတော့သည်။ ခုလည်း...

"အမေကလည်းဗျာ၊ အဖေ မသိအောင်ပေးပေါ့၊ အမေ မပြောရင် ဘယ်သူကသိမှာလဲ၊ သားကတော့လုံးဝမပြောဖူး အမေ၊ သားနှုတ်လုံ့ပါတယ်"

"ဟော့ အေး၊ မင်းအဖေမှာ နတ်မျက်စိရှိတယ်၊ သူ မသိအောင် ဘာမှလုပ်လို့မရဖူး"

"အမေရာ၊ လုပ်ပါ၊ ခု...သား အရမ်းအရေးကြီးနေလို့ပါ၊ အဲဒီပိုက်ဆံမှမရရင် သားဘဝ မတွေးရဲစရာပဲအမေရဲ့..."

"မတွေးရဲလည်း မတွေးနဲ့ပေါ့သားရယ်"

"သေပြီဆရာ"

သူ နဖူးကိုလက်ဝါးဖြင့်ရိုက်လိုက်မိသည်။ မဖြစ်ဖူး။ ဒီပုံအတိုင်းဆို မဖြစ်ချေတော့ဖူး။ ပိုက်ဆံရအောင် တစ်နည်းနည်းနှင့်တော့ ကြံရမည်။

သူ ဆုံးဖြတ်ချက်တစ်ခုကို ကောက်ခါငင်ခါ ချလိုက်၏။

●



www.burmeseclassic.com

www.burmeseclassic.com

သူ့ ပုံစံက ကတုန်တယင်ကုတ်ချောင်းချောင်း ဖြစ်နေသည်။ ဟုတ်တာပေါ့။ ညကထိတ်လန့် တုန်လှုပ်မှုကပြေမှမပြေသေးတာ...။

"ဪ ... ထင်သာ၊ .ထင်သာ၊ မင်းပုံကနံမယ်နဲ့လိုက်အောင် ထင်သာမြင်သာရှိလွန်းလှပါလား"

သူ့ကိုမြင်သည်နှင့် ရာဇာမျိုးက မထိတရိပြောသည်။ သူ့နာမည် ထင်သာကို အပေါင်းအသင်းတွေက ထင်သာမြင်သာဟု နောက်ပြောင်ခေါ်တတ်သည်။ ယခုထိုအပေါင်းအသင်းတွေက လက်ဖက်ရည်ဆိုင်မှာ လူစုံတက်စုံရောက်နေကြသည်။

"ဆိုစမ်းပါဦး၊ ညကကိစ္စ ဘယ်လိုပြီးသွားတာလဲ"

"ချီးပဲ၊ ကံကောင်းလို့ အချုပ်မကျတာ..."

"ဘယ်မိဘကမှ မင်းကိုအချုပ်ထဲမထည့်ပါဖူးကွ..."

"မထင်နဲ့ မိုးဟိန်း၊ ငါ့အဖေအကြောင်း ငါသိတယ်၊



အမေရင်ဘတ်စည်တီးငိုတာရယ်၊ ဖိုဘက်အိမ်က ဦးဘဇော်တို့မိသားစု အတင်းဝင်တောင်းပန်လို့ ငါသက်သာသွားတာ"

သူကပြောရင်း ကြက်သီးထဟန်လုပ်ပြလိုက်သည်။ ပြီးမှ...

"ဒါနဲ့...မင်းတို့ကလည်း သတင်းရတာမြန်လှပါလားကွ..."

"အင်တာနက်ခေတ်လေကွာ၊ မင်းသတင်းမက်ဆေ့ချ် ညကတည်းကဝင်နေတာ...အဲဒါနဲ့ငါလည်း မိုးလင်းလင်းချင်း ဒီကောင်တွေဆီ ဖြန့်လိုက်တာပဲ"

သူ့ ဘော်ဒါတွေက ထိုသို့စည်းလုံးလေသည်။ တစ်ယောက်ဒုက္ခရောက်လျှင် ဝိုင်း၍တွန်းချဖို့ဖြစ်သည်။

"တော်ပါတော့ကွာ...အဲဒါ မင်းတို့ကြောင့်ဖြစ်ရတာကွ၊ ငါသာ တွစ်ခုခုဖြစ်သွားလို့ကတော့ကွာ...ဟင်း...တောက်"

သူက ပြောရင်းဒေါသထွက်လာပုံမျိုးဖြင့် ပုဆိုးကိုခပ်တိုတိုပြင်ဝတ်ရင်း 'တက်' တစ်ချက်ပြင်းစွာ ခေါက်လိုက်၏။ သူ တကယ်စိတ်ဆိုးနေတာကိုမြင်သောအခါ အားလုံးပြုံးပြုံးပျာပျာဖြစ်ကုန်သည်။

"အေးပါကွာ...စိတ်မဆိုးနဲ့တော့ ထင်သာ၊ ငါတို့ကျီစားတာနည်းနည်းလွန်သွားတယ်"

အမှန်က ကျီစားတာမဟုတ်။ သူ့ဆီကငွေကို တကယ်ရလျှင် တကယ်ယူမည့်ကောင်တွေ။ မိုးဟိန်းက...

"ငါတို့လိုချင်တဲ့ငွေက မင်းမုန့်ဖိုးတို့၊ အသုံးစရိတ်တို့ထဲကလိုချင်တာ...ခုလိုထောင်နှုတ်ခမ်းလျှောက်ပြီး နိုးဂုတ်လုပ်ယူရတာမျိုးကရလာမယ့်ငွေ မဟုတ်ဖူး"

www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ်လို့...။ ခွေးပါးစပ်က နတ်စကားထွက်နေသေးသည်။ သူ့မုန့်ဖိုးတွေ အပိတ်ခံရတာဒီငတိတွေ မသိသေးပေ။ သူကလည်း သိက္ခာကျသည်ထင်၍ ဟန်ကိုယ်ဖို့လုပ်ကာ နေနေသောကြောင့် ဖြစ်သည်။

"မင်းတို့ကို ညကအဲဒီသတင်းပေးတာ ငယ်ဖော်မဟုတ်လား"

"သူ့ပြင် တခြားရှိရိုးလား"

"တောက်...မိုင်းတာမ၊ ပိုက်ဆံချေးပေးပါ ဆိုတာတော့ ချေးမပေးဘဲ၊ သတင်းကျဖွတယ်"

"နေစမ်းပါဦးထင်သာရဲ့... မင်းအတွက်ဒီလောက်ငွေစကြေးစလေးကို ချေးရတာနဲ့...မိဘရဲ့မီးခံသေတ္တာထဲကခိုးယူဖို့ကြံရတာနဲ့... ဘယ်လိုဖြစ်..."

"ဘယ်လိုဖြစ်ရမှာလဲကွ၊ ငါ့ကိုအိမ်က..."

သူကထိုသို့အစချီကာ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တော့သည်။ (မပြောလို့မှမဖြစ်တော့တာ...)

"ဩော်...ဒီလိုလား"

"တစ်နေ့ကို မုန့်ဖိုးငါးရာပဲ ပေးတော့မယ်ဟုတ်လား"

"လက်ဖက်ရည်တစ်ခွက်၊ စီးကရက်သုံးလိပ်တောင်ရပါ့မလား"

"ကျောင်းသွားတဲ့ လမ်းစရိတ်ကရော"

"ငယ်ဖော်နဲ့ကပ်လိုက်မုန်းသိတော့ မပေးဖူးကွ၊ ပြီးတော့အိမ်ကကားနဲ့လိုက်ပို့တာ ငါမှလက်မခံတဲ၊ ကားတော့ငါ့လက်ထဲ





မထည့်ဖူး ဟင်း..."

"အဲဒါပဲသူငယ်ချင်းတို့... ငါ့အခြေအနေမှန်ကို မင်းတို့သိပြီပဲ၊ ဒီတော့... မင်းတို့တောင်းတဲ့ငွေ ဘယ်ပေးနိုင်မလဲ၊ အရင်လိုဆို ဒါလောက်ကပါးပါးလေးပါ၊ အခု...ငါ့ခါတ်ပုံပြန်ပေးကွာ..."

အမုန်က အဲဒီခါတ်ပုံကြောင့် အပေါင်းအသင်းတစ်စုရဲ့ ငွေညစ်တာကို သူ ခံနေရခြင်းဖြစ်သည်။

သူက အပေါင်းအသင်းအုပ်စုထဲမှာ Chess ပဲကစားကစား၊ ဘိလိယက်ပဲထိုးထိုး၊ ရှမ်းကိုးမီးပဲဆွဲဆွဲ၊ ယုတ်စွအဆုံး မိုးရွာမယ်၊ မရွာဖူးလောင်းတာကအစ သူပဲနိုင်တာများသည်။ ထိုငွေများဖြင့် သူ ကောင်းကောင်းသုံး၊ ကောင်းကောင်းဖြုန်းခဲ့၏။

ထို့ကြောင့်... အပေါင်းအသင်းတွေက သူ့ကိုမျက်စိစပါးမွေးစူး၍မြင်ပြင်းကပ်လျက်ရှိသည်။ အနီးအငြိုးအတေးကအခွင့်အရေးပေါ်လာသောအခါ...

"မင်းတို့...အဲဒီခါတ်ပုံ ဘယ်လိုရတာလဲ"

သူက နားမလည်လွန်း၍ထိုသို့မေးလိုက်ခြင်းပင်။ သူ့ငယ်ဘဝခါတ်ပုံနှင့် မိသားစုခါတ်ပုံများမှာ အမေအမေတို့ အခန်းထဲမှာပဲရှိသည်။

သူက ခါတ်ပုံရိုက်တာ၊ သိမ်းဆည်းတာမျိုးလုံးဝဝါသနာမပါသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ငယ်ငယ်က အလွန်အင်မတန်'ဝ'သူဖြစ်သည်။ မှတ်မှတ်ရရဆိုလျှင်ရှစ်တန်းနှစ်လောက်အထိဟု ဆိုရမည်။ ဒါကို တက္ကသိုလ်ရောက်မှခင်သော အပေါင်းအသင်းများကမယုံကြပေ။ ကျန်သည့်ငယ်ပေါင်းများကလည်း အာဘောင်းခံ၊ လေကုန်ခံကာ မည်သူကမှဝင်၍ ထောက်ခံပြောဆိုသက်သေလိုက်ပေးကြခြင်း မရှိပါ။ သူကလည်း ယုံချင်ယုံ၊ မယုံချင်နေ၊ သူရုပ်ပျက်ဆင်းပျက် အဝလွန်ခဲ့သော ကိစ္စကို ကျိန်တွယ်၍လည်း ပြောမနေပါ။

အဲ...ဖြစ်ချင်တော့...။

တစ်နေ့...

ထိုနေ့က... သူ့အပေါင်းအသင်းတွေအိမ်မှာစုံနေသည်။ စုံဆိုအိမ်မှာ အလှူလုပ်၍ဖြစ်သည်။ ဧည့်သည်တွေရှင်းသွားတဲ့ အချိန် တက္ကသိုလ်ရောက်မှခင်သော အောင်ကျော်သူက...



"ထင်သာငယ်ငယ်က အိုဗာဝိတ်ကြီးဆိုဒေါ်ဒေါ်"

ဟုအမေ့ကို မေးသည်။ အမေကခပ်ပြုံးပြုံးဖြင့်

"ဟုတ်ပါ့တော်...ဝလိုက်တာမှ လွန်ရောပဲ၊ သူ သုံးနှစ် ကျော်တော့ တော်တန်ရုံလူမချီပွေ့နိုင်တော့ဖူး"

"အဲသလောက်တောင်ပဲလား"

"ပိုချင်ပိုမယ်၊ ဒေါ်ဒေါ်ကသားလေးတစ်ယောက်ထည်း ဆိုပြီး အလိုလိုက်အရမ်းကျွေးခဲ့တာ... ဒီကလေးလေးက ရှမ်းခေါက် ဆွဲဆို နှစ်ပွဲ၊ ဘဲဥချက်တဲ့နေ့ ခြောက်လုံးခုနှစ်လုံးပဲ၊ ထမင်းတစ်ဇလုံ အသားလေးပေါ့"

"မြတ်စွာဘုရား၊ ဒေါ်ဒေါ်ပြောလို့သာ ယုံရမှာ..."

"သူကကြီးမှသာ ဓါတ်ပုံရိုက်ဝါသနာမပါတာ ... ငယ်ငယ် တုန်းကတော့ ကလေးဘဝအမှတ်တရဆိုပြီး ဒေါ်ဒေါ်တို့ကရိုက် ပေးခဲ့တာ... နေဦး... အယ်လ်ဘမ်ယူပြမယ်"

ပြဿနာက အဲသည်မှာစလာသည်။ သူကလည်း သူ့ငယ်ဘဝကိုအလွမ်းသယ်ပြီးပြန်ကြည့်လေ့မရှိတော့ ဘယ်လို ပုံတွေမှန်းပင်မမှတ်မိပါ။

ဒီတော့...ဒီကောင်တွေအုပ်စု မည်သို့မည်ပုံနိုးဝှက် ယူဆောင်သွားမှန်း မသိခဲ့ပေ။

နောက်နေ့ ကျောင်းရောက်တော့...

"ဟော့ကောင်တွေ ရုံးစုရုံးစုနဲ့ ...ဘာကောင်းကြံနေကြတာလဲ"

သူက လှမ်းအော်ရင်း ကင်တင်းထဲဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မိုးဟိန်းက...

"ထင်သာ...မင်းကတော့ ထင်သာမြင်သာပဲဟေ့ ခွီးခွီး.. အစ်အစ်"

မိုးဟိန်းကပြောရင်း ထိန်းမနိုင်သိမ်းမရတဲ့ခွီးခွီးနှင့် ပိုးစိုးပက်စက်ရယ်တော့သည်။ အောင်ကျော်သူက...

"ဟေ့ကောင်မိုးဟိန်း၊ ကျွန်ရရနေစမ်း၊ ငါတို့လက်ထဲ ငွေမရသေးခင် အပြင်ကိုပေါက်ကြားလို့မဖြစ်ဖူး"

"ဝုတ်တယ်"

"မှန်တယ်"

"ထောက်ခံပါတယ်ဗျာ"

"ဘာလဲဟ"

သူ နည်းနည်းစတွန့်သွားသည်။ ဒီကောင်တွေသူ့ကို မဟုတ်တာတစ်ခုခုတော့ ကြံနေပြီဆိုတာ ရိပ်မိလာသည်။

"ကဲ...ငထင်သာ၊ ငွေထုပ်ပိုက်ပြီးဆုံနေကျ ကိုရှည်ကြီးဆိုင်သာ ညနေလာခဲ့ပေတော့..."

"အောင်မာ...ရယ်စရာကောင်းလိုက်တာကွာ... ပိုက်ချင်းပိုက် မင်းတို့ကပိုက်ပြီးလာရမှာ...မနေ့က Chess ပွဲပွဲနွှေးနွှေးရှုံးထားတာ မမှတ်ကြသေးဖူးလား ဟွင်း ဟွင်း ဟွင်း ဟွင်း"

"ဟေ့ကောင်...မင်း ဘယ်အချိန်ထိ ရယ်နိုင်မလဲ ကြည့်ကြသေးတာပေါ့ ထင်သာရာ"

စကားဆုံးတော့ မိုးဟိန်းက မျက်ရိပ်ပြတာကို အောင်ကျော်သူက ခေါင်းညိတ်ရင်းလွယ်အိတ်ထဲက အရာဝတ္ထု



တစ်ခုကို နှိုက်ယူလိုက်သည်။

"ပစ္စည်းလုံခြုံရေး သတိထားဟေ့"

အော်လိုက်သူက ချစ်သွေး။ အောင်ကျော်သူက လက်ထဲ ကပစ္စည်းကိုသတိနှင့် စားပွဲပေါ်တင်သည်။

"ဒါကို...အင်တာနက်တင်လိုက်မယ်ဆိုရင်... အွန်းလိုင်းပေါ်တွေ့နေကျ မိန်းကလေးအပေါင်းအသင်းတွေကြား ဟား...ဟား"

အောင်ကျော်သူက စကားပြောတာမဆုံးဘဲရယ်သည်။ သူကစားပွဲပေါ်က ပစ္စည်းကိုဆက်ခနဲကောက်ယူလိုက်သည်။ သို့သော်...သူ့လက်ထဲပါမလာပေ။

"နီး နီး၊ ဒါမျိုးမရဖူးလေ၊ ကြည့်ချင်ရင် ဒီမှာကြည့်..."

အားလုံးကထိုပစ္စည်းကို အသက်နှင့်လဲ၍ ကာကွယ်ကြ သည့်ပုံပေါက်နေသည်။

"ကြီးကျယ်လို့ကွာ...မကြည့်ရဘာဖြစ်လဲ"

သူက ပါးစပ်မှပြောနေသော်လည်း မျက်လုံးတွေက စားပွဲပေါ်ကအရာကို လှမ်းကြည့်ပြီးသားဖြစ်နေသည်။

"ဟ!"

သူမြင်လိုက်တာက ဓါတ်ပုံတစ်ပုံပါပဲ။ ဒါပေမယ့် ပုံကြီးက ထိတ်သာ၊ မလန့်သာကြီး။ ပုတ်လောက်ရှိတဲ့ခန္ဓာကိုယ်ကလုံးတီး မျက်နှာကတော့ ကလေးမျက်နှာ။

ဒီပုံဖြစ်လာတဲ့ ရာဇဝင်ကိုသူကောင်းကောင်း မှတ်မိသည်။ သူငယ်ငယ်က မိခင်ရဲ့သူငယ်ချင်းတွေ အိမ်လည်လာတိုင်း သူ့ရေချိုးနေတာနှင့်ကြုံသည်။

www.burmeseclassic.com



ဒီတုန်းက သူ နှစ်တန်းကျောင်းသားအရွယ်၊ အမေ့သူငယ်ချင်းတွေ သူ့ကိုအင်မတန်စသည်။

ထိုနေ့က သူ့ကိုအမေရေချိုးပေးနေသော်ပုံကို စရင်းပြောင်ရင်း ရိုက်ခဲ့ကြတာဖြစ်သည်။

"ဟင်! ဒါ ငါပဲ"

"မင်း အစစ်ပေါ့ထင်သာ"

"ကွန်ပျူတာနဲ့ပြင်ထားတာ လုံးဝမပါဖူး၊ မူလလက်ဟောင်း အော်ရီဂျင်နယ်ပဲ"

"မင်းက ငယ်ရုပ်လုံးဝမပျောက်ဖူးကွ"

"မင်း...မင်းတို့ကောင်တွေ"

သူကအရက်သောက်၊ ဖဲရိုက်၊ ဆဲဆိုနေတာတွေကိုမရက်ပေမယ့်...ဒါ...ဒါမျိုးကတော့...။

"ပေးစမ်း၊ သူခိုးသူဝှက်ကောင်တွေ"

"ပြေပြေလည်လည်လုပ်လေ ထင်သာရဲ့... မဟုတ်လို့ကတော့...မင့်ပုံ တစ်ကမ္ဘာလုံး ထင်သာမြင်သာဖြစ်သွားမယ်"

ဘုရား...ဘုရား။ ဒါကြီး ငယ်ငယ်လေးဖော်တို့ အဖွဲ့ထဲပေါက်ကြားသွားလို့ကတော့...ဟင်း၊ တောက်။

"ပြော... မင်းတို့က ဘာဖြစ်ချင်တာလဲ"

အားလုံးက ရာဇာမျိုးမျက်နှာကို လှမ်းကြည့်ကြသည်။ ပြော်...ဒင်းက ဆရာကြီးပေါ့။

"ကရဝိတ်နန်းတော်မှာ Dinner သွားစားကြမှာ... Black Label နဲ့ Spywine လေးလောက်တော့ ပါမှာပေါ့"





"အဲဒီတော့..."

"ဟဲဟဲ၊ မင်းက ဒီဓါတ်ပုံကို တစ်ပုံးလောက်နဲ့ ရွေးရင်ရပါပြီ၊ လိုတဲ့ငွေ ငါတို့ဖာသာစိုက်ပြီး စားသောက်ကြမလို့..."

သူငွေညစ်ခံလိုက်ရသည်။ ဖြစ်ချင်တော့... အိမ်ကငွေကြေးဖြတ်တောက်တဲ့အချိန်။ အိမ်ချင်းကပ် ငယ်သူငယ်ချင်းဖြစ်သူ ငယ်ငယ်လေးဖော်ဆီကလည်းငွေချေး၍မရ...။

သို့နှင့်... အမေ့ဆီကသော့ခိုးပြီး အဖေ့မီးခံသေတ္တာထဲကငွေနိုက်ယူရန်ကြိုးစားအားထုတ်စဉ် ဖခင်ဖြစ်သူကိုယ်တိုင် လက်ပူးလက်ကြပ် မိသွားခဲ့ခြင်းဖြစ်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူ ဝင်သွားတော့ ငယ်ဖော်တစ်ယောက် အိမ်ရှေ့ဧည့်ခန်းတွင် စူစူရှုရှုကြီးထိုင်နေတာကို တွေ့ရသည်။

"ဘာလဲဟ စောစောစီးစီး၊ ကျက်သရေမရှိ မျောက်ထိုင်ထိုင်မှိုင်နေတယ်"

သူ့ကို ငယ်ဖော်ကမျက်စောင်းထိုးသည်။ သူ့အသံကြောင့် ကြီးကြီးမြင့်က မီးဖိုခန်းထဲမှထွက်လာပြီး...

"မင့် သူငယ်ချင်းက ခုမှအိပ်ရာထတာလေ"

"မိန်းမပျင်းပဲ"

"နင့်လိုသူခိုးကျပိုး မဟုတ်ရင်ပြီးတာပဲ"

"ဗိုး"





"ဖတ်"

ငယ်ဖော်က ပါးစပ်မှပက်ခနဲ ပြန်ပြောရင်းလက်က မှီရာစာအုပ်ဆွဲ၍ လှမ်းပေါက်သည်။

"စာအုပ်ကအထူကြီးဟ၊ အဖမ်းမြန်ပေလို့၊ ခေါင်းမှန်ရင်အကွဲပဲ"

"သေပေါ့"

"အေးနော်... ငါ့အသားနာလို့ကတော့ နင့်ကိုလည်း ထီးနဲ့ကို ထိုးပစ်မယ်"

"ဘာ! ကောင်စုတ်၊ မိုက်ရိုင်းလှချည်လား"

ငယ်ဖော်က ကျားသစ်တစ်ကောင်လို'ဝုန်း'ဆို သူ့နားရောက်လာသည်။ မြန်လိုက်တဲ့ ကောင်မလေး။ အံ့ရော...။

"ဟဲ့...သမီး"

ကြီးကြီးမြင့်က အထိတ်တလန့်အော်လိုက်သည်။ သူက လက်ထဲပါလာသော ခေါက်ထီးအနက်ကို အပေါ်မြှောက်ကာ...

"ထီးနဲ့ထိုးမယ်ပြောတာလေးကို နာစရာလား၊ ဘာတွေနားကြားလွဲနေသလဲ"

"ဟွန့် ..."

"နင်တို့နှစ်ယောက်တွေလိုက်ရင်လေ... တကယ်ပါပဲ၊ မင့်သူငယ်ချင်းမက အိပ်ရာထကတည်းက စိတ်တိုနေတာလေ..."

"ဟုတ်လား၊ အိပ်ရာပေါ် သူနဲ့ရန်ဖြစ်မယ့်သူရှိလို့လား"

"ထင်သာ"

"ဟင်း ဟင်း၊ ဒီလိုလူလေးရဲ့ ... အိပ်ရာထတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်တယ်၊ မျက်နှာသစ်ပြီး သွားတိုက်တယ်”

“ဒါ ခေတ်ပေါ်နည်းစနစ်ပဲလေ၊ မြန်မာဖတ်စာအုပ်ထဲက လို စောစောထ၊ သွားတိုက်၊ မျက်နှာသစ်ဆိုတာ မျိုးတော့မဟုတ် တော့ဖူး ကြီးကြီးရဲ့... မျက်နှာသစ်ပြီးမှ သွားတိုက်တာ”

“အေးပါ၊ အဲဒါထား၊ သွားတိုက်တာနဲ့ မင်းသူငယ်ချင်းက ခေါ်သအိုး ပေါက်ကွဲတော့တာပဲ”

“ဖြစ်ရလေ၊ သွားတိုက်တံနဲ့တောင်ရန်ဖြစ်သလား”

သူ့ကို ငယ်ဇော်က မျက်စောင်းထိုးသည်။

“သွားတိုက်တံနဲ့မဟုတ်ဖူး၊ သွားတိုက်ဆေးနဲ့...”

“ဪ...ဪ”

“သွားတိုက်ဆေးကို အိုက်တိုပရေးစ်ဆပ်ပြာနဲ့ မှားတိုက်တာ”

“ဟော့ ဗျာ”

“ပြီးတော့...သူ့ဖာသာ စိတ်တိုနေတယ်လေ”

“တော်တော်နမော်နမဲ့နိုင်တာပဲ”

“ဟဲ့... ဘူးကညှစ်တဲ့ဘူးချင်း တူနေတာကိုး”

“အဲဒီအိုက်တိုးပရေးစ်ဆပ်ပြာဆီဘူးက လေဆာသွားတိုက် ဆေးဘူးနဲ့တော့တူတယ် လူလေးရဲ့ ဟင်း ဟင်း”

ကြီးကြီးမြင့်က ထမင်းကြော်နှင့် ကော်ဖီဖျော်ပေးမည်ဟု ဆိုကာ မီးဖိုဆောင်ထဲပြန်ဝင်သွားသည်။

“နင်က သူများစားချိန်သောက်ချိန်မှလာတာ ဘာသဘော လဲ ငထင်သာ”

“ငါလား၊ မနက်စာလက်ဖက်ရည်နဲ့ မုန့်သွားစားမယ်ဆိုပြီး



အမေ့ဆီကပိုက်ဆံတောင်းခဲ့တယ်၊ ပြီတော့...”

“ငါတို့အိမ်လာတယ်၊ ငါ့အမေကြော်ပေးတဲ့ ထမင်းကြော် နဲ့ ကော်ဖီသောက်မယ်၊ မုန့်ဖိုးတောင်းလာတဲ့ ပိုက်ဆံကိုဖဲရိုက် ပစ်မယ်ပေါ့၊ ဟုတ်လား”

“စကားကိုယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ ငယ်ဇော်ရာ၊ ဖဲရိုက်မှာမဟုတ်ဖူး၊ လေးငါးဆပွားမှာ ပွားမှာ”

“နင်ဟာ သောက်ရူးပဲ”

“မိန်းကလေးဖြစ်ပြီး စကားပြောတာစည်းကမ်းမရှိလိုက်တာ ငါ ထိုးနဲ့...

“ထင်သာ”

●

ထင်သာဆိုတာ အစကတည်းက လူလိမ္မာယဉ်ကျေး တစ်ယောက်မဟုတ်ပါ။

အားလုံးသိကြတဲ့အတိုင်း သူဟာအမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ လူ့အောကြောလန်ပဲ။

●

www.burmeseclassic.com

www.burmeseclassic.com

“အဖေကသားကို အလကားနေရင်းဘာလို့ ကြည့်မရ ဖြစ်နေရတာလဲ”

သူကအဲသလိုမေးလိုက်တော့ ဖခင်ဖြစ်သူ ဦးသာချို့က တအံ့တသြနှင့် မျက်လုံးပြူးပြီးကြည့်လာသည်။

“ဟုတ်တယ်၊ ငါက သိပ်အားအားလျားလျားနိုင်လွန်းလို့ မင့်ကိုပဲ ကြည့်မရဖြစ်နေတယ်”

“အဖေကလည်း ... သားက...”

“ဟေ့ကောင်၊ မင်းငါ့ကို ကန့်ကလျနဲ့ အဲဒီ‘သား’က ‘သား’ ကဆိုတာကြီး လာလာပြောမနေနဲ့... ဒီ ‘သား’‘သား’ ပြောတာလည်း လုံးဝ(လုံးဝ) ကြည့်မရဘူး၊ အခြောက်လိုလို ဂန်ဒူးလိုလို”

“ဟာ ... အဖေကလည်း၊ ယောကျ်ားဆိုတာ ဂန်ဒူးနဲ့ နှာဘူးနှစ်မျိုးပဲရှိတယ်၊ ဂန်ဒူးတော့မဖြစ်မခံနိုင်ပါဘူး၊ နှာဘူးပဲ အဖြစ်ခံမယ်၊ ကျွန်တော်က နှာဘူး only, only နှာဘူး၊ ဟီး”





“ဟေ့ကောင်၊ မင်းရူးသလို ကြောင်သလိုလုပ်မနေနဲ့ မင်း အချိုးတွေပြင်စမ်း၊ မပြင်လို့ကတော့ ငါ့အကြောင်းသိမယ်”

“ဟာ...အဖေကလည်း မုန့်ဖိုးတွေလည်းလျှော့ချပြီးပြီး၊ ခု...ဘာလုပ်ချင်သေးလို့လဲ”

“ဘာလုပ်ရမလဲ၊ မင်းအချိုးတွေမပြင်လို့ကတော့ မိန်းမ ပေးစားပစ်မယ်ကွ”

“အဖတ်တင်တာပေါ့ အဖေရာ”

●

သူ ငယ်ငယ်တုန်းက အမေ့ကိုမေးဖူးတာ တစ်ခုရှိသည်။ အဲဒါက “ဖေဖေနဲ့မေမေဘာတော်သလဲ” ဆိုတာပါပဲ။

အဲဒီအခါ အမေ့ခမျာတော်တော်အဖြေရကျပ်သွားခဲ့ပုံ ရသည်။ ဘာမှမတော်ဖူးဆိုလည်းမဟုတ်၊ တော်တယ်လို့ဆိုရအောင် ကလည်းဘာမှမတော်...။

နောက်ဆုံးခပ်တည်တည်နှင့် “လင်မယားတော်တယ်” တဲ့။ အဲသလိုဖြေခဲ့သည်။

သူက ဆက်မေးသည်။

“သားမှာရော လင်မယားတော်တဲ့သူရှိလားအမေ” ဆိုတော့...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးလာရင်တွေ့လိမ့်မယ်" တဲ့...။

ခုထိတော့...

သူနှင့်လင်မယားတော်မည့်သူကို မတွေ့သေးပါ။

●

"မင့် ဟာကြီးကလည်းကွာ၊ တတန်းလန်းလန်းနဲ့..."

ဆိုင်ထဲလှမ်းဝင်လာသော သူ့ဂိုစံကကိုရိုးကားယားဖြစ်နေ၍ ချစ်သွေးကလှမ်းပြောသည်။ ဒါကို အောင်ကျော်သူက

"အေးလေ၊ ထီးကြီးတန်းလန်းနဲ့..."

"ဘာဖြစ်လဲကွာ၊ ငါ့ထီးနဲ့ငါ၊ ဒီထီးတစ်ချောင်းပဲ ငါ့မှာရှိတာ... ငါ့မှာရှိတဲ့ ဒီထီးတစ်ချောင်းကိုပဲ"

"တော်ပါတော့ကွာ၊ တော်ပါတော့၊ တထီးထီးနဲ့ ...နားကလောတယ်"

"ဟုတ်ဖူး၊ ဒါ ဒီကောင်ထင်သာ သက်သက်ယုတ်မာပြီး ပြောနေတာ..."

"ဟ! ဘာလိုင်းကြီးပါလား မင်းတို့က...ဒီထီးမရှိရင် ငါ့အတွက်မဖြစ်ဖူးဆိုတာ မင်းတို့လည်းသိသားနဲ့..."

ရှင်းလေ ရှုပ်လေဖြစ်နေသည်။ ပတ်ဝန်းကျင်က မိန်းမ၊ ယောက်ျား၊ လူငယ်လူကြီးတွေမျက်လုံးပြူး၊ မျက်ဆံပြူးဖြင့်



လှည့်ကြည့်ကုန်သည်။

တကယ်ဆိုသူက သူ့အကြောင်းနှင့်သူ။ သူ့ခန္ဓာကိုယ်က နေပူထဲသွားလျှင်လည်းနာစေးသည်။ မိုးမိလျှင်လည်း နာစေးသည်။ မကြီးမငယ်နှင့် နပ်ချေးတရှုံ့ရှုံ့ဖြစ်နေရတာထက်စာလျှင်သွားလေရာ ထီးတစ်လက်ဆောင်းသွားတာကမှတော်သေးသည်ဟု သူထင်သည်။ ထို့ကြောင့် အပြင်ထွက်လျှင်ထီးပါ၏။

"မင်းကယောကျ်ားဖြစ်ပြီး ဒီလောက်နုရသလား"

"ယောကျ်ားလည်းအသက်နဲ့ပဲ၊ ခန္ဓာရှိတယ်၊ ဝေဒနာလည်းရှိမယ်၊ မင်းတို့ကောင်တွေကလေ၊ အိမ်ကငါ့အဖေအတိုင်း"

"ဟေ"

"ဟ ကောင်ရ"

"ဟုတ်မှလည်း ပြောပါကွာ"

"ငါ့အဖေလည်း ငါ့ကိုဆို ဘယ်တော့မှအကောင်း မမြင်ဖူး၊ အပြစ်ပဲမြင်တယ်၊ ဘာကိုဘယ်လိုပြောလိုက်ရမလဲဆိုတာ အဖေ့ခေါင်းထဲအမြဲရှိတယ်၊ မင်းတို့လည်းအတူတူပဲ၊ လူကိုတွေ့လိုက်တာနဲ့ ပြောစရာကအဆင်သင့်ပဲ"

"မင်းကိုက ပြောစရာကြီးကိုး ..."

"တော်ပြီကွာ မင်းတို့ကိုပြောရတာ လေကုန်အာခြောက်တယ်၊ မှန်း... လက်ဖက်ရည်အေးအေးလေးတစ်ခွက်လောက်"

သူကပြောပြောဆိုဆို မိုးဟိန်းရှေ့က လက်ဖက်ရည်ခွက် ကို ကောက်ယူမော့လိုက်သည်။

"ဟေ့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်လုံးမှဝင်မပြောသေးဘဲ သူတို့ပြောသမျှ သွားဖြဲလေးနှင့် နားထောင်နေသောမိုးဟိန်းမှာ သံကုန်အော်ပစ်လိုက်လေ၏။ ဖြစ်ရမယ်လေ။ ဒီလိုဖြစ်အောင် သူ တမင်လုပ်လိုက်တာ...။

မိုးဟိန်းမှာ အင်မတန်ရွှတတ်သည်။ မုန့်တစ်ချောင်းတည်းနှင့် စားစရာဝိုင်းစားနေပါက မိုးဟိန်းဝင်မစားပါ။ တွေ့ရာရေခွက်ဖြင့် ရေမသောက်ပါ။ မျက်နှာသုတ်ပဝါကို သူများယူသုတ်တာမကြိုက်။ လက်မဆေးဘဲမစား။ ခြေထောက်မဆေးဘဲ အိပ်ရာမဝင်။ စသည် စသည် ပညက်ချက်ပေါင်းများစွာဖြင့် မိန်းကလေးတစ်ယောက်လို ဇီဇာကြောင်သူဖြစ်သည်။

သူ့ကိုကျ ထီးလေးတစ်ချောင်းဆောင်ထားတာကိုပဲ မိန်းမလို မိန်းမရဟု ဝိုင်းသမနေကြသည်။

“လက်ဖက်ရည်လေး တစ်ငုံလောက်ကို မင်းကမသသထာဖူးလား မိုးဟိန်း”

“မသထားလို့မဟုတ်ဖူး၊ မင်းသောက်ချင်ရင် ငါရှင်းမယ်၊ မှာသောက်ပါလား၊ ရွံလို့ ...”

“ဟ! ငါကနူနာသသယ်လား”

“နူနာသည်ဆို အနားကပ်မခံဖူး၊ ဟင်း ...တောက် ဒါမင်းသိရဲ့နဲ့ တမင်ကိုလုပ်တာပဲ ထင်သာ”

“ဟော့ကောင်မိုးဟိန်း၊ ဘယ်ယောကျ်ားမှ မင်းလောက်မရွံတတ်ဖူး၊ မင်းယောကျ်ားမှ ဟုတ်ရဲ့လားကွ”

“ဘာ”



တကယ်ဆိုတစ်ဖွဲ့တည်း သူငယ်ချင်းတွေဆိုပေမယ့် သူတို့အုပ်စုထဲ မိုးဟိန်းက အငယ်ဆုံးဖြစ်သည်။ ရပ်ကွက်ထဲပေါင်းသင်းနေသော်လည်း ဒင်းကလေးကခုမှ ပထမနှစ်။ အသက်နှစ်ဆယ်ပင်မပြည့်သေးတဲ့ မနူးမနပ်အရွယ်။

ဒီလိုအရွယ်ကလေးတွေက အင်မတန်မြောက်ကားကား၊ ဖောင့်ကြွားကြွားနိုင်ကြသည်။ မခံချင်အောင်ဆွပေးလျှင် အလွန်ခံပြင်းတတ်၏။

“ယောကျ်ားအစစ်ဆို မင်းလိုကဲကဲဆတ်မရွံတတ်ကြပါဖူးကွာ၊ ငါနဲ့ကျန်တဲ့ကောင်တွေကြည့်ပါလား၊ မင်းကလွန်လွန်းလို့ ယောကျ်ားမှဟုတ်ရဲ့လားလို့ပါ”

သူပြောတာကို ကျန်တဲ့ကောင်တွေကပါထောက်ခံသည့်သဘောနှင့် ခေါင်းညိတ်ကြသည်။ ဒါကိုမိုးဟိန်းခမျာ ရှူးရှူးရှဲရှဲဖြင့် ယမ်းပုံမီးကျခဲ့ပါသွားတော့၏။

“ယောကျ်ား ဟုတ်မဟုတ် စစ်မစစ်ပြရမလား”

“ဟော”

“လုပ်လိုက်လေကြာသလားလို့”

“နိုပ်ဟ”

“နဂါးမှန်းသိအောင် အမြောက်ထောင်ပြသင့်တာပေါ့...ခွီး...”

သူ့ ဟာသူ ဘယ်လိုနည်းနှင့်ဘာကိုပြမည်မှန်းမသိ။ သို့သော် ...အားလုံးဝိုင်းဝန်း၍ညာသံပေးကြသည်။

အောင်ကျော်သူက...

www.burmeseclassic.com

www.burmeseclassic.com



"ပြလေ မင်းတောင်ပြရဲသေးတာ... ကြည့်ကြတာပေါ့"

"အစ် အစ်"

ချစ်သွေးကတော့ တအစ်အစ်ဖြင့်ကျိတ်ရယ်နေသည်။ သူက...

"ဟော့ကောင်မိုးဟိန်း၊ မင်းဖာသာအရှက်မရှိလို့ ပြရဲပေမယ့် ငါတော့မကြည့်ရဲဖူး ရှက်တတ်တယ်၊ ထေင်သာတို့က ထီးသာကိုင်ရဲပေမယ့်...အဲ...ဟိုဟာ...မင်းပြမှာတော့ မကြည့်ဝံ့ဖူးကွ...ဟီး..."

နောက်ဆုံး... သူ လျှော့ချလိုက်ရသည်။ ကျန်တဲ့ကောင်တွေကတော့ပွဲပျက်သွား၍ 'တက်' တခေါက်ခေါက်ဖြစ်နေကြ၏။

"တောက်... နာသကွာ၊ ကြည့်ပြီးမှသူကြိုက်နေတဲ့ကောင်မလေးကို ပြန်ပြောရမှာ"

သူ မိုးဟိန်းကို လက်ဖက်ရည်အသစ်တစ်ခွက် မှာပေးလိုက်ပါသည်။

●

လောကကြီးမှာရှိတဲ့လူတွေက အဲသလိုပါပဲ။ ဘယ်တော့မှ ညီမျှခြင်းချလို့မရဖူး။ တစ်ယောက်ကြိုက်တာ တစ်ယောက်မကြိုက်ဖူး။ တစ်ဦးမကြိုက်တာကို တစ်ဦးကကြိုက်တယ်။

အဲ...တူတာ တစ်ခုတလေရှိချင်လည်း ရှိလိမ့်မယ်။ ဒါပေမယ့် အကုန်လုံးတော့ဘယ်လာတူနိုင်မှာလဲ။

●



**အခန်း (၃)**

"ငါလီမွှာတော့မယ်ဟ"

"ဘယ်လို"

"လီမွှာတော့မယ်လို့ပြောတာ"

"သြော် သြော် နားရှိလို့သာကြားရတယ်၊ အဟုတ်ကြီးပေါ့လေ၊ မိဘတွေစိတ်ချမ်းသာအောင်လို့လား"

"ဟုတ်ဖူး၊ ငါလိမ်လိမ်မာမာနေရင် အဖေကကားတစ်စီးဝယ်ပေးမယ်တဲ့..."

"ဟင်း...မွေးရကျိုးနပ်တဲ့သားပဲ"

"ဘာပဲဖြစ်ဖြစ်နင့်ကား ကပ်စီးရတဲ့ဘဝကလွတ်တော့မှာပေါ့ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"အွန်း — စီးလာတာပဲ ဆိုသေတော့မယ်"

သူ့ခေါင်က သူလိုကောင်မျိုး ကားတစ်စီးဝယ်ပေးရအောင် ထီတန်ခိုးမျိုးဟုဆိုတာ ဝယ်မပေးခဲ့ပါ။

သူသည် ငယ်ဖော်ကားကိုသာ တစ်သက်လုံးကုပ်ရပ်စီးခဲ့ရသည်။ ကပ်ရပ်စီးတယ်ပြောရသော်လည်း သူ့ကိုယ်ပိုင်ကားထက် ပင် လူဝါးဝစီးခဲ့လေ၏။

ငယ်ဖော်ကားနှင့်လိုက်တိုင်း "မိန်းကလေးတစ်ယောက် မောင်းတဲ့ကားပေါ်လိုက်စီးရတာ အပြည့်ပြည့်ဆိုင်ရာ ယဉ်ကျေးမှုမရှိဘူး၊ အရမ်းအောက်တယ်၊ ဖယ်စမ်းပါငယ်ဖော်ရာ၊ ငါမောင်းမယ်"

ငယ်ဖော်သည် သူ့ကိုမျက်စောင်းခပ်ဖွဖွလေးသာထိုးရှာ၏။ သူ့အပေါ်အင်မတန်အနွံ့တာခံ၊ သည်းခံသောငယ်သူငယ်ချင်းပါပေ။

"ငါတော့ နားရှိလို့သာကြားရတာ...တယ်ပြီးမယုံချင်ဖူး"

"အေး...ငါ့အဖေကလည်းမယုံဖူး"

"ထင်သားပဲ"

"အဲဒါကြောင့်...လိမ္မာရင်ကားအကောင်းစား တစ်စီးဝယ်ပေးမယ်ဆိုတဲ့ စကားကိုပြုံးပြုံးကြီးထိုင်ပြောခဲ့တာပေါ့..."

"ဟင်း ဟင်း ဟင်း ဟင်း"

"လိမ္မာတယ်ဆိုတာ ဘာခက်လို့လဲ၊ မိုက်တာကမှခက်တာ"

"အံမယ်"

"အဖေသတ်မှတ်ထားတဲ့ လိမ္မာတယ်ဆိုတဲ့စည်းကမ်းချက်တွေထဲမှာ ညရှစ်နာရီကျော်ရင် အပြင်မထွက်ရ၊ ကျောင်းမှန်မှန် တက်ရမယ်၊ အိမ်ဟင်းအိမ်ထမင်းပဲစား၊ စာကိုစိတ်ဝင်စား၊ နေ့ခင်းကျောင်းပိတ်ရက်ဆိုရင်လည်း တစ်နေကုန်အပြင်ထွက်မလည်နဲ့... အင်း... ကျန်တာတွေကတော့နင်သိပါတယ်"

"ကလပ်သွား၊ ဘောပွဲအလင်း၊ ဘီယာဆိုင်အပျော်၊ အသေးစားလောင်းကစားမျိုးစုံ...ဟုတ်"

"ဟုတ်တယ်၊ အဲဒါတွေအကုန်ဖြတ်ပစ်ပြီး လိမ္မာပြလိုက်စမ်းပါ့မယ်၊ နင်စောင့်ကြည့်ငယ်ဖော်၊ ငါ့ဟာငါ ကောင်းကောင်းမွန်မွန်နေရင်သာ လာမဖျက်ဆီးကြနဲ့ ..."

"အောင်မာ"





www.burmeseclassic.com

www.burmeseclassic.com



သူ အပြောင်းလဲကြီးပြောင်းလဲသွား၍ အားလုံးက တအံ့တသြဖြစ်ကုန်ကြသည်။ သူ အပြင်မထွက်တော့ အပေါင်းအသင်းတွေက အိမ်လာသည်။ ဒီကောင်တွေအိမ်ကိုလာလျှင် ကြောက်ရသည်။ အင်မတန်စပ်စပ်စုစုနိုင်သောကြောင့် ဖြစ်သည်။

ယခုလည်း တနင်္ဂနွေတစ်နေ့လုံး သူ အိမ်မှာရှိသည်။ အလုပ်နားရက်မို့သူ့အဖေလည်း အိမ်မှာပဲရှိနေပြီး သူ့အရိပ်အခြေကို စောင့်ကြည့်အကဲခတ်လျက်ရှိ၏။

ထို့ကြောင့်...သူကစာအုပ်ကို ဖွင့်လျက်အသံခပ်ကျယ်ကျယ်ဖြင့် ဖတ်နေလိုက်သည်။

"ကာမသြဃ၊ ဤလောကဟု
အဝကျယ်ပြော၊ ပင်လယ်ကြော၌
မျောကာရွေ့ရွေ့၊ တူဆုံတွေ့စဉ်



တစ်နေ့လွှဲခွာ၊ တို့ကွဲကွာက
စိတ်မှာမပျောက်၊ နောက်ကြောင်းလျှောက်၍
တွေးထောက်နိုင်မှု၊ တစ်ခုခုကို
မှတ်ရူသင့်အား ပေးလိုတကား။"

"စားပြီးပြီလား ဘဘ"

"ဟော... သမီးငယ်ဖော်ပါလား၊ စားပြီးပြီသမီးရေ... အဟေး ဟေး ဟေး ဟား ဟား သမီးသူငယ်ချင်းက စာကျက်နေတာသမီးရဲ့"

သူ့အဖေလေသံက ကျေနပ်သံတွေပါနေသည်။

"ကြားတယ် ဘဘ ဟင်း ဟင်း"

သူကလည်းကြားပါသည်။ ကြားအောင်လည်း အော်ဖတ်နေတာပဲဟာ...။

သူ စာကျက်နေသည့်စာပွဲနားသို့ ငယ်ဖော်လျှောက်လာရင်း...

"နင် ဘာကျက်နေတာလဲ ထင်သာ"

"စိတ်ကြိုက်မြန်မာစာ"

"ဟင်! စိတ်ကြိုက်မြန်မာစာမှာ နင်ဖတ်နေတဲ့အပိုဒ်က ဘယ်အခန်းလဲ"

"ဝေးပါ ငယ်ဖော်ရာ၊ ဒါကြောင့် ... နင်ရိုးစားမရတာ"

"ဟဲ့...ဘာဆိုင်လဲ၊ ဒါဒီစာတွေတကယ့်ကို မမြင်ဖူး မကြားဖူးလို့ ပြောနေတာ..."

မမြင်မကြားဆို စိတ်ကြိုက်မြန်မာစာမှာ ခုနသူရွတ်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့စာတွေမပါတာအမှန်ပဲ။ အဲဒီစာတွေက တဂိုး၏စာတွေထဲက ကဗျာစာသားတွေဖြစ်သည်။

ကောင်မလေးတွေကို ရီးစားစာပေးလျှင် စာသားတွေလှ ရွေးနုတ်ကူးထားပြီးအလျဉ်းသင့်သလို ထည့်သုံးသည်။ ယနေ့ထိ ကောင်မလေးအယောက်တစ်ရာလောက်ကို ရီးစားစာပေါင်း တစ်ထောင်မကလိုက်ပေးခဲ့၍ ကဗျာစာသားတွေက ဖွတ်ဖွတ် ညက်ညက်ကျေအောင် အလွတ်ရနေပေပြီ။

တကယ်တော့သူအော်ဖတ်နေတယ်ဆိုတာ ကျောင်းစာ မဟုတ်။ အနီတဂိုးကဗျာတွေသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာ မူအဖေကတော့ ကျေနပ်နေသည်။ သူ လိုချင်တာကလည်း ဒီအချက်ပင်ဖြစ်၏။

"နင် ဘာသိလို့လဲ ငယ်ဖော်ရာ...ငါကစာမေးပွဲမှာ မြန်မာစာဖြေရင် စာအုပ်ကြီးထဲကအတိုင်း မဖြေချင်ဘူး၊ ဒီလို ကိုယ်ပိုင်ဉာဏ်နဲ့ ကွန့်မြူးထားတဲ့စာသားလှလှလေးတွေ ထည့်သုံးချင်တာ... အဲဒါ... အမှတ်ပိုရတယ်ဟ"

"ဟင်! ဟုတ်လား၊ ဒါဆို...ငါ့ကိုလည်း အဲဒီနင်ရွတ်နေတဲ့ စာသားတွေပေးဦးနော်၊ ငါလည်းစာမေးပွဲမှာ ထည့်ဖြေမယ်"

"ဟိုက်"

သူ အတော့်ကိုဦးနှောက်ခြောက်သွားသည်။ ဒီကောင်မ လေးဟာ ဘာမှကိုနားမလည်ဖူး။

"သမီးသူငယ်ချင်းက အဲသလိုတွေဉာဏ်မြူးတယ်၊ အလင်္ကာတေတေပေပေနေနေလို့..."





အဖေကသူ့ကို အထင်တွေကြီးပြီးစွတ်မြှောက်နေသည်။

"သမီးငယ်ဖော်ရေ၊ ထမင်းစားပြီးမှပြန်၊ ဒီမှာ သမီး ကြိုက်တဲ့ ကြက်ဟင်းခါးသီးကြော်ထားတယ်၊ နောက်ပြီး ပဲဟင်း နဲ့ကြာဖီ၊ ငါးကြော်၊ သရက်သီးသနပ်"

အမေက အပေါ့အလေးသွားပြီး အိမ်သာထဲက ထွက်လာ လာချင်း ထိုသို့လှမ်းပြောသည်။

အမေကဘာမှန်းလည်းမသိ။ အဓိပ္ပါယ်ကတစ်မျိုးကြီးပဲ။ ဒါကိုဟိုကောင်မလေးကလည်းဘာမှန်းနားမလည်ဖူး။ ဝတ်ကြီး ကျနေသေးသည်။

"ဝါး...ရလွှတ်၊ သွားရည်တောင်ယိုလာပြီ၊ နှစ်ပန်းကန် လောက်တော့ အသာလေးတီးပစ်လိုက်ဦးမယ်"

"နင်မကြိုက်တာရောရှိသေးလို့လား ငယ်ဖော်ရာ၊ အလ ကားရတာဆို အကုန်ကြိုက်နေတဲ့ဟာ..."

"အောင်မာ၊ ပြုံးကမှုားပြနေရသေးတယ်"

ကလေးဘဝကတည်းက နို့ဘူးဖက်ပြီးအတူဆော့ကစား ကြီးပြင်းလာတဲ့ သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဟာနည်းနည်း နောနောတော့ မဟုတ်ဖူး။

"နင် ဒီနေ့ဒီမှာထမင်းစားလို့ကတော့ ငါ့ကို ငါးအရိုးထွင် ပေးရမယ်..."

"ဝါသနာမပါဖူး"

သူက ငါးဟင်း၊ ငါးကြော်ဆိုလျှင် အရိုးထွင်ပြီး၍ မစားပါ။ မိခင်ဖြစ်သူကတော့ သားသမီးကိုစားစေချင်၍ အရိုး


www.burmeseclassic.com

www.burmeseclassic.com



ထွင်ပေးသည်။ သူကထွင်ပြီးသား ငါးဖတ်ကလေးတွေကို အဆင်သင့် ကောက်ယူစားလိုက်ရုံပင်။

ဒါ ငယ်ကတည်းက သူ့အကျင့်။ ဒီအကျင့်ကို ငယ်ဖော်လည်းသိသည်။ ယခု...ငယ်ဖော့်ပါးစပ်မှ ဝါသနာမပါဖူးဟု ပြောသော်လည်း ထမင်းစားတော့ ငါးရိုးတွေကို စိတ်ရှည်လက်ရှည် ထွင်၍ပေးသည်။

"ဒီလိုကျ နင်နဲ့ငါနဲ့က ချစ်စခင်စကြင်နာစ ဇနီးမောင်နှံ တွေကျနေတာပဲနော်"

"ကောင်စုတ်၊ သေနာ၊ အချင်းချင်းတောင်မရှောင်ဖူး၊ ပါးစပ်အရသာခံနေသေးတယ်၊ နင်ဟာတကယ့်နှာဘူးပဲ"

"Yes, I'm နှာဘူး Only, Only နှာဘူး"

"သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ၊ တော်ပြီ၊ အရိုးထွင်မပေး တော့ဖူး၊ ဟွန့်..."

"နေပေါ့၊ ဝပြီ၊ ဟီး"

သူက သွားပါဖြီးပြလိုက်သေးသည်။ သူတို့ထမင်းစား ပြီးပြီးချင်းမှာပဲ ဘော်ဒါတွေတစ်အုပ်ကြီး ရောက်လာကြပြန်သည်။

"တော်သေးတာပေါ့ကွာ၊ ထမင်းစားပြီးသွားလို့..."

သူပြောတာကို ဘယ်သူကမှဂရုမစိုက်ပါ။ စားပွဲပေါ်မှ အုပ်ဆောင်းထဲက ထမင်းကိုပန်းကန်ထဲခူးခပ်ထည့်ကာ စားလိုက် သောက်လိုက်ကြသည်မှာ ဝေသာလီပြည်ဘီလူးဝင်စီးတာထက်ပင် ဆိုးသေးတော့၏။

"အိမ်ရှေ့မှာကတည်းက ဒေါ်ဒေါ့်ဆီကသတင်း အတိအကျ



ရခဲ့ပြီးသား"

ရာဇာမျိုးက ပြောသည်။ လုယက်စားသောက်နေသူတွေ ထဲမိုးဟိန်းတော့မပါပါ။ သူက...

"ပန်းကန်သပ်သပ် ဇွန်းသပ်သပ်ယူပြီး ကိုယ့်ဖာသာခူးခပ် စားလေ မိုးဟိန်း"

မိုးဟိန်း ရွံတတ်မှန်းသိ၍ထိုသို့ပြောရခြင်းဖြစ်သည်။

"ငါ ထမင်းစားခဲ့ပြီးပြီ၊ အဲ...လက်ဖက်သုပ်လောက်ဆို ရင်တော့ စားလို့ဝင်သေးတယ်၊ အတော်ပဲ၊ ငယ်ဖော်လည်းရှိနေ တာပဲ၊ သုပ်ပါလား"

"အောင်မာ၊ သူကနေရင်းထိုင်ရင်းတော်နေသေးတယ်၊ ငါကလေး... နင်တို့ကိုလုံးဝ စေတနာမရှိဖူး"

"ဟ! ဘာဖြစ်လို့လဲ"

"ကြည့်မရလို့"

ငယ်ဖော်က ပန်းကန်ဆေးနေရာမှလှမ်းပြောသည်။ ပြီးလျှင် တကယ်သုပ်မပေးဘဲအပြင်ထွက်သွား၍ အမေအဖော် ခေါ်ထားသောမိန်းမကြီးက သုပ်ပေးရသည်။ ငယ်ဖော်ကလုံးဝ အားနာတတ်သူမဟုတ်။ ဒါကို ခါးတုတ်သောလက်မပိုင်ရှင်တွေက အားမနာတတ်ဟု ဆိုကာကြံဖန်ဂုဏ်ယူနေတတ်သည်။

"ဟော့ကောင် မိုးဟိန်း၊ မင်းပြချင်တာရှိရင် ဒီလိုနေရာ ဒီလိုလူစုံတုန်းပြနော်"

လက်ဖက်သုပ်ဝိုင်းစားကြတော့ မိုးဟိန်းကစားလက်[illegible]ကို လက်ကမချပေ။ သူစားနေတဲ့ဇွန်း တခြားသူကော်ဗေးသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



**နီးမြဲဖြစ်သည်။** ဒါကိုကြည့်ပြီး သူကပြောလိုက်ခြင်းပင်။ ဘာမှန်း **မသိသော ငယ်ဖော်က…**

"ဘာလဲ၊ ပြလေ၊ ငါလည်းကြည့်မယ်"

"ဟာ"

"ဟိုက်"

မိုးဟိန်းတစ်မျက်နှာလုံး ရဲရဲတွတ်သွားလေ၏။ ဒါကို ကြည့်ခြင်းအားဖြင့် ဟိုနေ့ကဒီကောင်မဟုတ်တရုတ်တွေ ယုတ်မာပြီး ပြောလိုက်တာသေချာသည်။

မှတ်ကရော။

●

သူသည်သူငယ်ချင်းတွေအပြင်ထွက်ဖို့ ခေါ်တာကိုပင် မလိုက်ပါ။ ဖခင်ဖြစ်သူက "ခဏတစ်ဖြုတ်လိုက်သွားပါလား" ပြောဆိုခွင့်ပြုတာကိုပင် ခေါင်းခါခဲ့သည်။

ဒါကို အပေါင်းအသင်းတွေက "အေးကွာ၊ မင်းကိုခုလို မြင်ရတော့လည်း တစ်မျိုးကြီးပဲ၊ ဘဝခြားသွားသလိုပေါ့၊ အင်း…မင်းသွားလိုရာသွားနိုင်ပြီ သူငယ်ချင်း" ဟု ဝိုင်းဝန်း ပြောဆိုသွားကြသည်။

ဒါတင်မက "ကြိုးစားထားကွာ၊ မင်းကိုအမှီပြုပြီးတို့တွေ အားလုံးကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ရတာပေါ့" ဆိုသူက ဆိုကြသည်။

သို့နှင့်… တစ်လဆိုသော အချိန်သည်ကား…။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သူက ကားတံခါးကိုဖွင့်ပြီးဆင်းသည်။ ပြီးတော့… တံခါးကို မှီကာ နေကာမျက်မှန်ကိုလှတ်တပ်၊ စီးကရက်တစ်လိပ်ကို ပါးစောင်းတွင်တပ်သည်။ ထို့နောက်…နှစ်ချက်သုံးချက် ခပ်ပြင်းပြင်းကလေး ဖွာရှိုက်လိုက်၏။

“အားပါး…မိုက်လှပါလား”

“ဒီခိုင်းကတော့ အပြတ်သားနားတယ်”

“ကားအသစ်ကြီးကြောင့် ကြည့်ကောင်းသွားတာကွ”

ချစ်သွေးတို့ကောင်တွေ သူ့ကိုအားကျသည့်မျက်လုံးများဖြင့် ငေးမောလှမ်းမျှော်ကြည့်ရှုနေကြသည်။

“ဟဲ ဟဲ ဟဲ ဟဲ”



သူက မြှောက်ကြွဘဝင်မြင့်နေသော စိတ်ကိုဖိနှိပ်ထိန်းကွပ်မရဘဲ အူမြူးစွာရယ်ရင်း ဆိုင်ထဲလှမ်းဝင်လိုက်သည်။ သူဝင်လာတာမြင်တော့ အော်ကျော်သူက…

“မင်းပုံစံက ထင်သာမြင်သာရှိလိုက်တာ”

ဟုဆီးပြောသည် သူကပြုံးရင်း…

“ငါကမင်းတို့ကောင်တွေ ရောက်မှရောက်ကြသေးရဲ့လားလို့အောက်မေ့နေတာ…ငါလာတာ သိပ်များစောနေသလားလို့… အဟဲ”

အမှန်ကခါတိုင်းလည်း ဒီအချိန်ဆိုလူစုံပြီ။ သူကမြူးကိုမြူးနေတာ…။

“လူစုံရင်သွားကြစို့ကွာ၊ ကျောင်းရောက်မှ ကင်တင်းဆက်ထိုင်ကြတာပေါ့”

“ကျောင်းရောက်တာနဲ့ အတန်းတက်ရမှာလေကွာ၊ စာမေးပွဲနီးပြီ၊ မေဂျာချိန်လွတ်လို့မဖြစ်ဖူး”

ရာဇာမျိုးပါးစပ်က မကြားဖူးသောစကားလုံးတွေ ခုန်ပေါက်ထွက်ကျလာသည်။

“ဟိုး ဝိုး၊ မင်းက လိမ္မာသွားပြီပေါ့ ရာဇာ”

“သူ့အချိန်နဲ့သူပေါ့ကွာ၊ မင်းကိုအားကျလို့တော့ မဟုတ်ဖူး”

“နေပေါ့၊ အတန်းတက်ချင်တဲ့သူကတက်… ကင်တင်းထိုင်ချင်တဲ့သူက ငါနဲ့လိုက်[illegible]ပါ…”

အလကားရယ်။ ရာဇာမျိုးက လူအထင်ကြီးမလားလို့ပြီး လူကြားထဲဒီလိုစကားမျိုးပြောတာ…။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းသားကားတစ်စီးရရင် ယယ်ဇော် ပါလာမယ်ထင်တာ..."

"အောင်မလေး၊ မပြောချင်ဖူး၊ ဒါပေမယ့်... ပြောရအုံးမယ်၊ သူ့ကားဆီကုန်သက်သာအောင် လိုက်မယ်တကဲကဲလုပ်လို့ မနည်းကန်ထုတ်ခဲ့ရတယ်"

"လွယ်လွယ်နဲ့ အလျှော့ပေးသလား"

"ဘယ်ဒီးမလဲ၊ ကျောင်းစာကိစ္စအတွက် ဆရာ့အဆောင်ဝင်ဦးမှာဆိုပြီးဖြီးရတာ"

"ဒီလောက်နဲ့ အလျှော့ပေးတယ်၊ ဟုတ်လား"

"ယယ်ဇော့်ကို မလိုက်စေချင်ရင်...ဆရာ့အဆောင်လို့သာပြော...တာ့တာပြပြီးနေခဲ့တာ"

"ဟော!"

"ထူးတယ်"

"ပြောစမ်းပါဦး၊ ထူးတဲ့အကြောင်းလေး"

"လာ၊ လမ်းမှာပြောပြမယ်"

သူ၏ အသစ်စက်စက်ကားပေါ် အားလုံးစုပြုံရောက်သွားကြသည်။ ကားပေါ်ရောက်သည်နှင့် ဘယ်သူ့အမေးမှ စောင့်မနေဘဲ စောစောကစကားကို သူ စပြောသည်။ ဒါမျိုးဆိုသိပ်ပြောချင်တာကိုး။

"ဒီလိုကွ... အဲဒီတုန်းက ပထမနှစ်ကျမယ်ထင်ပြီး အားလုံးကဆရာ့ဆီသွားချွေးနှေးခိုင်းကြတာလေ"

"အေး၊ သိတယ်"





"ဒါနဲ့ ...ယယ်ဇော်ကသူပါလိုက်မယ်ဆိုပြီး ဆရာနေတဲ့အဆောင်လိုက်လာတယ်၊ ယောကျ်ားလေးဆောင်ကွာ၊ နေကြတာကလွတ်လွတ်လပ်လပ်၊ မနက်ကစောစောဆိုတော့..."

"အေးပါ၊ မြန်မြန်ဆက်ပြောစမ်းပါ"

"အဆောင်က ကောင်တွေကလည်းစောစောစီးစီး မိန်းကလေးတစ်ယောက်ပါလာမယ်မှန်း မထင်ကြဖူးလေ..."

"ဒါနဲ့..."

"တိတစ်ကောင်က Under Wear လေးတစ်ထည်တည်းနဲ့ထွက်လာလိုက်တာ..."

"ဟိုက်"

"သောက်ကျိုးနည်း"

"အေး...ယယ်ဇော်လည်း ယယ်သံပါအောင်အော်ပြီး တစ်ချိုးတည်းပြေးတော့တာပဲ၊ အဲဒီကစလို့ ..."

"ဟိုး ဟိုး၊ သဘောပေါက်ပြီ"

"ဟား ဟား ဟား ဟား"

"ယယ်ဇော့်ကို မလိုက်စေချင်ရင်ဆရာ့ဆီ ဝင်မှာလို့သာပြောလိုက်... ပွဲပြတ်ပြီ...ဟီး"



www.burmeseclassic.com

www.burmeseclassic.com

ဖခင်ဖြစ်သူ ဦးသာချိုက သူ့ကိုကားတစ်စီးပေးပြီးကာမှ ပြဿနာဟောင်းက တစ်စခန်းထလာသည်။ ဒါကတခြားမဟုတ်။ နှစ်တန်းအရွယ်က မိမွေးတိုင်းဖမွေးတိုင်းရိုက်ထားသော သူ့ခါတ်ပုံကိစ္စဖြစ်သည်။

"အဲဒီတုန်းက မင်းအနေနဲ့တကယ်လည်း မုန့်ဖိုးတွေ အဖြတ်ခံထားရတော့ သနားညှာတာသောအားဖြင့် အလျှော့ပေးလိုက်တာ"

"ဟုတ်တယ် ထင်သာ၊ အဲသလောက် ထင်သာမြင်သာရှိလွန်းတဲ့ မင့်ပုံကြီးကို... အင်တာနက်ပေါ်တင်လိုက်ရလို့ကတော့ကွာ..."

အောင်ကျော်သူက စပြောသည်ကို ရာဇာမျိုးကဝင်ပင့်ပေးသည်။ သူက...





"မင်းတို့က ခု ... ဘာပြောချင်တာလဲ"

"လူကြီးကိုယ်လုံးနဲ့...ဟိုဟာလေ ကလေး လေး လေး..."

"ဟော့ ကောင် တွေ"

"ဒုန်း"

သူကစားပွဲကို လက်သီးနှင့်ထုလိုက်သည်။ ကြောက်ကုန်မလားလို့ပါ။ မဖြုံတဲ့အပြင် ချစ်သွေးကဆက်ပြောလာသည်။

"ခုက... ပုံနှင့်တကွ အင်တာနက်သတင်းမဖြန့်နိုင်ရင်တောင် ပါးစပ်သတင်းတော့ ဝေငှလို့ရသေးတယ်ကွ..."

"မိမိကျော်တို့ လောင်စိန်အုပ်စုထဲဖြန့်ပေးလိုက်ကွာ"

"ကြာသလားလို့"

သူ တော်တော်တင်းသွားသည်။ သူ့ကိုများ ဖြဲခြောက်တိုင်းကြောက်မည့်သူမှတ်နေလား။ ဝေးပါသေး။ သက်သေမှမရှိတာ။ ကြောက်ပေါင်။

"လုပ်လေ၊ လုပ်ပေါ့၊ မင်းတို့ကောင်တွေ ငါ့ဆီကတစ်ပြားမှ ရမယ်မထင်နဲ့ ...ဟွင့် ..."



www.burmeseclassic.com

www.burmeseclassic.com



**နောက်တစ်နေ့**…ကျောင်းသာသွားနေရပေမယ့် စိတ်က **တထင့်ထင့်ရယ်။ မီမီကျော်တို့ အုပ်စုနှင့်တွေ့မှာကိုလန့်နေမိသည်။ ဒီအုပ်စုက** လွယ်တာမဟုတ်။

ကျားတစ်ကောင်တည်းများ သူတို့အုပ်စုထဲမျက်စိလည် လမ်းမှားရောက်သွားလို့ကတော့…ဘောလုံးအင်အားကြီး အသင်းတစ်သင်းက သူတို့ခြေထဲရောက်လာတဲ့ ဘောလုံးကို လှုလှုပပ၊ ဒိုးလိုမွှေ၊ ရေလိုနှောက်၊ ပညာပေးကစားပြသလို ကစား ပေလိမ့်မည်။ ခံရသူမှာတော့အရှုံးလို ဖြစ်ရရှာ၏။ ပရိသတ် အလယ် အရှက်လည်းကွဲရ၏။

ထို့ကြောင့်…မီမီကျော်တို့အုပ်စုကို ဖြုံကြသည်။ ယခု… သူလည်းမီမီကျော်တို့အုပ်စုနှင့် မတွေ့အောင်သတိထား ရှောင်ကွင်း နေရသည်။

ခက်တာကတွေ့ချင်လို့ ရှာလျှင်မတွေ့ဘဲ၊ မတွေ့ချင်၍ ရှောင်ပါက တည့်တည့်တိုးလေသည်။

"အဟဲ"

သူက မလုံမလဲနှင့်ဦးစွာသွားဖြဲပြလိုက်သည်။

"ဟော့…အဟဲတဲ့…"

"ဟဲလေးရဲ့ တပည့်လားမသိဖူး"

မီမီကျော်တို့ဆီမှ ထွက်လာသောအပြောင်အပျက် စကား အသုံးအနှုန်းတွေကို ကြားရတာအခြေအနေမဆိုးပါ။ သာမာန် ဖြတ်သွားဖြတ်လာတွေ့၍ မိန်းမပါးစပ်သရမ်းသွားခြင်းလောက်သာ ဖြစ်သည်။

"ဟူး"

သို့နှင့် …ကျောင်းကနေ အိမ်ပြန်ရောက်သည်အထိ တစ်နေ့လုံး စိတ်အေးလက်အေးပင်။

အဲ…ပြဿနာက အိမ်ရောက်ထမင်းစားပြီး တီဗွီကြည့် ချိန်မှ စလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထင်သာရေ…ဘာလုပ်နေတာလဲဟေ့"

ငယ်ဇော့်အသံ။ သူ ဘာလုပ်နေသလဲဆိုတာ အိမ်ထဲရောက်လျှင်သိမည့်အရေး အဝေးကြီးကလှမ်းမေးလာသည်။ အံ့ဩပါရဲ့။ တကယ်။

"ဘာလုပ်နေတယ်ထင်သလဲဟေ့"

"သေနာ၊ အကောင်းမေးတဲ့ဟာကို၊ ဒီမှာ… ငါကဖြင့်နင့်အတွက် ကောက်ညှင်းခွက်ကြော်တွေ ဝယ်လာပေးတဲ့ဟာ…"

"အေး၊ အတော်ပဲ၊ ထမင်းစားပြီးပါးစပ်က ဘာလိုနေမှန်းမသိဖူး၊ တစ်ခုခုစားချင်နေတာ"

"ဟွန့်…မပြောလိုက်ချင်ဖူး၊ ဒေါ်ဒေါ်ရော…"

"ထုံးစံအတိုင်း သူ့ဖွားဖက်တော်နဲ့ အတူရှိနေမှာပေါ့…"

"ဟင်! သူ့ဖွားဖက်တော်က ဘယ်သူလဲ"

"မီးဖိုချောင်လေ"

"ဟယ်…ကောင်စုတ်"

"စားသောက်ပြီးလို့ ဒေါ်တင့်နဲ့ သိမ်းဆည်းနေကြမှာပေါ့၊ ထမင်းစားဖို့တော့ မစဉ်းစားလေနဲ့၊ ဘာမှမရှိတော့ဖူး၊ အိုးခွက်မှောက်နေပြီ"

"ငါ ခုပဲထမင်းစားထွက်လာတာ၊ ဒေါ်ဒေါ့်ကိုမေးစရာရှိလို့"

ဆိုကာဖိုးဖိုးဆတ်ဆတ်ထသွားသည်။ သူ့အထင်တော့ အမေ့ကိုမေးစရာရှိတယ်ဆိုတာ ရိုးရိုးသားသားမေးစရာရှိတယ်ပဲ အောက်မေ့ခဲ့သည်။

ထို့နောက်…အမေနှင့်ငယ်ဇော်က မီးဖိုချောင်မှ အမေ့





အခန်းထဲ ရယ်ကာမောကာဖြင့် ဝင်သွားကြလေသည်။

ဆယ့်ငါးမိနစ်ခန့်ကြာမည်ထင်သည်။ အမေ့အခန်းထဲက ငယ်ဇော်ပြန်ထွက်လာ၏။ မျက်နှာက မျက်နှာပိုးထိုး၍ ရွှစိရွှစိဖြစ်သောမျက်နှာ။

"သူများလင်မယားအခန်းထဲ ဘာလုပ်တာလဲ၊ ငါ့အဖေပြန်လာတော့မှာနော်…"

"ပြန်လာ…ဘာဖြစ်လဲ၊ ဘာဘနဲ့ဒေါ်ဒေါ်လည်း ငါ့အဖေနဲ့အမေပဲ"

"နင်ပြောတာနော်"

"ဟဲ့…ငါက အရိုးသားဆုံးပြောတာ နှာဘူး Only ရဲ့"

"ဟဲ ဟဲ ဟဲ ဟဲ"

သူကရယ်ရင်း အကြောဆန့်ကာ…

"ငါတော့ ပျင်းလာပြီ၊ လမ်းထိပ်လက်ဖက်ရည်ဆိုင်လစ်လိုက်ဦးမယ်"

"ဘာဘပြန်လာတော့မှာဆို"

"အရင်လည်းဒီလို သွားနေကျပဲလေ"

"ဟဲ့ … ခု … နင်က လိမ္မာနေပြီလေ"

"ဟာ! လက်ဖက်ရည်ဆိုင်သွားတာ မိုက်တာလား"

"မိုးချုပ်နေဝင်အပြင်ထွက်တာ ဘာဘမကြိုက်ဖူးလေ"

"ငါ့အဖေကြိုက်တာ ဘာရှိလဲ၊ သင်္ချိုင်းစည်းပြီး ထမ္ဘဝါ ဖတ်နေတာပဲကြိုက်မှာ"

"နင်သွားလေ၊ ဒီအချိန်သွားလို့ကတော့…ခေါင်းဇော်ရဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မဟုတ်ဖူး၊ ဟိုမှာနင့်သတင်းတွေ ပလူပျံနေလောက်ပြီ"

"ဘာ! ငါ့သတင်းဟုတ်လား၊ နေ ... နေစမ်းပါဦး၊ ဘာ ... ဘာသတင်းလဲ"

သူ လန့်ဖြန့်သွား၍ ထစ်ထစ်ငေါ့ငေါ့မေးလိုက်မိသည်။

"ငါတောင်ကျောင်းက ပြန်ရောက်ပြီး ... Email စစ်မှတွေ့တာ .. ဟိုကောင်တွေပို့ထားတာလေ၊ နင့်ဓါတ်ပုံကိစ္စ အဟီး..."

ဟိုကောင်တွေဆိုတာ ရာဇာမိုး၊ ချစ်သွေး၊ အောင်ကျော်သူ နှင့် မိုးဟိန်းတို့မှလွဲ၍အခြားမရှိ။

"တောက်"

"ဟင်း ဟင်း၊ အဲဒါမယုံလို့ ဒေါ်ဒေါ့်ကိုလာမေးတာ... ခုနဒေါ်ဒေါ်နဲ့ အခန်းထဲလိုက်ဝင်သွားတာက နင့်ဓါတ်ပုံကြည့်တာလေ၊ ဟား ဟား ဟား ဟား၊ ခွီး ခွီး ခစ် ခစ်"

ငယ်ဇော်ကပြောနေရင်းနှင့် တစ်ကိုယ်လုံးယိမ်းထိုးလှုပ်ခါ ခွက်ထိုးခွက်လန် ခွက်မှောက် ခွက်ဇောက်ထိုးရယ်လေတော့၏။ သူ့မှာပို၍ အနေရခက်လှသည်။

"ငယ်ဇော်၊ အယုတ်တမာမ၊ နင်...နင်..."

"အစ် အစ် ခိ ခိ၊ ဘာလဲဟ...ရယ်စရာကောင်းလွန်းလို့ ရယ်တာဘာဖြစ်လဲ၊ ငယ်တုန်းက နင်ဝတုတ်ကြီးမှန်းသိပေမယ့် ဒီလောက်ကြီးရုပ်ပျက်ဆင်းပျက်ဆိုးမှန်း အဲဒီဓါတ်ပုံမြင်ဖူးမှ သိတော့တယ်၊ နင်ကတကယ် ထင်သာမြင်သာပဲ ဟား ဟား"

"နင် မိန်းကလေးတန်မဲ့ ပြောတာဆိုတာစည်းကမ်း



လုံးဝမရှိဖူး"

"ဟုတ်တယ်လေ၊ အဲဒါခါးတုတ်လက်မပိုင်ရှင်တွေရဲ့ ဂုဏ်သိက္ခာပဲ"

သူ့တစ်ကိုယ်လုံး စပ်ဖျင်းဖျင်းနှင့်မျက်နှာတွေ ထူပူနီအန်းလာသည်။ ကြည့်စမ်း။ ဟိုကောင်တွေပါးစပ်သတင်းလွှင့်တာကို ဒီဟာမလေးက မေမေ့ကိုအပိုင်ပေါင်းပြီး ဓါတ်ပုံကိုပါတောင်းယူကြည့်ခဲ့လေသည်။ သူကလည်းမခံပါ။

"ဟင်း ဟင်း၊ နင်က ငါ့ဓါတ်ပုံလောက်မြင်ဖူးတာများ ရယ်နေသေးတယ်၊ ငါကမှ နင့်ငယ်ငယ်တုန်းက မိမွေးတိုင်းဖမွေးတိုင်းပုံစံကို အရှက်လတ်လတ်ကြီးမြင်ဖူးခဲ့တာနော့ အဟွင်း ဟွင်း"

"ဘာ"

သူ့စကာကြောင့် ငယ်ဇော်တစ်ယောက် မျက်လုံးမျက်ဆံပြူးကြီးနှင့်အော်သည်။

အမှန်မှာ သူကအနိုင်နှင့်ပိုင်းပြောလိုက်တာဆိုပေမယ့် ... ဒါ တကယ့်အမှန်တရားပဲ။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်မိဘတိုင်းမဆို မိမိတို့သားသမီးကိုဆယ်နှစ်၊ ဆယ့်တစ်နှစ်ထိ ပိစိကွေးကလေးပေါက်စနလေးလို သဘောထားကာပလူးပလဲဖြင့် ကျီစယ်ကြတာလူတိုင်း သဘာဝပင်ဖြစ်သည်။

ဒီကြားထဲ သူတို့လိုတစ်ဦးတည်းသော သား၊ သမီးမျိုးတွေဆိုပို၍သဲသဲလှုပ်လေ၏။

သူ့မိဘများကလည်း သူ့အပေါ်တွင်ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

သားသမီးအများစုမှာ မိခင်နှင့်သာကြီးပြင်းရတာများသည်။ နို့ချိုတိုက်၊ ထမင်းခွံ့၊ ရေချိုး၊ သနပ်ခါးလိမ်း၊ အိပ်ရာဝင် အစစပြုစုသူမှာ မိခင်များပါပေ။

အမေသည် သူ မူကြိုတက်သည်အထိ သူ့ပစ္စည်းပေါက်စန သေးသေးလေးကို'ဂျိုး'ကလေးဟုခေါ်ကာ ချစ်ကျီစယ်

လေ့ရှိသည်။ ရေချိုးပေးစဉ်ဖြစ်ဖြစ်၊ အဝတ်လဲပေးစဉ်ဖြစ်ဖြစ်ဒါမှမဟုတ် အိပ်ရာဝင်ချော့သိပ်စဉ်ဖြစ်ဖြစ် ချစ်လွန်းစွာ ပြောဆိုနေတတ်သည်။

သူသည် အမေ၏'ဂျိုးကလေး'ဆိုသောစကားကို ကြားရဖန်များလာသောအခါ မိခင်ဖြစ်သူကို မေးမိတော့သည်။

"အမေ၊ တားတားလိုဂျိုးကလေး အမေ့မှာရောရှိလားဟင်"

သူ့အမေးကြောင့် မိခင်ဖြစ်သူမှာဟက်ဟက်ပက်ပက်ရယ်မောခဲ့သည်။ ရယ်၍ဝမှ...

"အမေ့မှာတော့ သားလိုဂျိုးကလေးမရှိပါဖူးကွယ်၊ သားမှာရှိတာနဲ့ အမေ့မှာရှိတာ မတူဖူးသားရဲ့"

"ဒါဆိုတားတားကိုပြ တား ကြည့်မယ်၊ အမေတို့ဂျိုးကဘယ်လိုလဲ"

"အယ်"

အမေသည် ထိုအခါမှမျက်လုံးပြူးတော့၏။

"ဟဲ့ကောင်လေးရဲ့...ကလေးဟာကို လူကြီးကကြည့်လို့ရပေမယ့် လူကြီးဟာကိုကလေးကြည့်မလို့မရဖူး"

သည်စဉ်က သူ့စိတ်ထဲလုံးဝမကျေနပ်ပါ။ အားမတန်၍မာန်လျှော့ခဲ့ရသော်လည်း အမေတို့မိန်းမတွေရဲ့ 'ဂျိုး' ကဘယ်လိုပုံစံဆိုတာ အလွန်အမင်းသိချင်နေခဲ့သည်။

သူသည်ထိုအချင်းအရာသိရဖို့အခွင့်အရေးကို စောင့်နေသည်။ တစ်နေ့...

ထိုနေ့က မူကြိုကျောင်းအတူတက်နေသောသူနှင့်

www.burmeseclassic.com

www.burmeseclassic.com

ငယ်ဇော်မှာ အပေါ့စွန့်ခန်းတွင်ဆုံကြသည်။ (မူကြိုကလေးများ၏ အပေါ့စွန့်ခန်းမှာ ကျား/မ ခွဲမထားပါ။)

ထို့ကြောင့်...

**အမေတို့မိန်းကလေးတွေရဲ့ ဂျိုး၊ အဘယ်သို့ရှိသလဲ သိလိုစိမ့်သောငှာ...။**

●

"အမေ၊ အမေ"

"ဟဲ့...ဘာလဲ သားလေး"

"တားတားလေ၊ အမေတို့ မိန်းကလေးတွေရဲ့ ဂျိုးကလေး ကိုသိပြီဗျ"

"ဟယ်"

"တားတားချောင်းအကြည့် ဖူးနော်၊ ကျောင်းမှာ ငယ်ညော်ကဘောင်းဘီချွတ်ပြီး ရှုုရှုုးပေါက်တော့... တားတား မျက်လုံးက အဲသလိုပဲမြင်သွားတာ..."

"အဲ"

သူကမျက်စိကို ဇုဝဲစွေကြည့်ပြလိုက်သည်။ အမေသည် ရင်ဘတ်ကိုလက်နှင့် ဖိထားရာမှ ဟက်ဟက်ပက်ပက်ရယ်လေ တော့၏။

●

"ဟား ဟား ဟား ဟား"

သူကစကားဆုံးသည်နှင့် အူလှိုက်သည်းလှိုက် ရယ်သည်။ ငယ်ဇော့်တစ်မျက်နှာလုံးမှာ စတော်ဘယ်ရီသီးလို ရဲရဲတွတ်နေ တော့သည်။

"နင် နင် သိပ်ယုတ်မာတယ်"

"ဘာ! အရင်ယုတ်မာတာကနင်လေ၊ နင်စပြောလို့ ငါပြော တာပဲ ဒေါ်ငယ်ငယ်လေးဇော်"

"ဘာပဲဖြစ်ဖြစ်...အဲဒီတုန်းက နင်တမင်ချောင်းကြည့်ခဲ့တာ သေချာတယ်၊ နင်ကလေအချင်းချင်းတောင် လက်မရှောင်တဲ့ နှာဘူး၊ နှာဘူးမှ တကယ့်နှာဘူးအကြီးစားပဲ"

"Yes, I'm Only နှာဘူး၊ အစောကတည်းက ခန့်ခံ ထားပြီးပြီ၊ နင်သာမိန်းကလေးတန်မဲ့ ကြည့်ချင်လွန်းလို့ ငါ့

www.burmeseclassic.com



လုံးတီးဓါတ်ပုံလာကြည့်တာမဟုတ်လား၊ နင်ကမွှေ့ဆိနှီးမနှာဘူး အစ်"

သူ့ စကားလည်းဆုံးရော ငယ်ဖော်တစ်ယောက် ချုံပွဲချ ငိုတော့သည်။

"အီး ဟီး ဟီး၊ ကောက်စုတ်၊ သေချင်းဆိုး၊ ခွေးသူတောင်းစား၊ အယုတ်တမာ၊ ကာလနာ၊ မွေပွေးကိုက် ဟီးဟီးအင့် ရွှတ်"

ငယ်ဖော်ငိုတာကအကြောင်းမဟုတ်။ ငိုရင်းအနိုင်နှင့် ပိုင်းချသွားသည်။

"အင့်...ရွှတ်"

နှပ်ချေးကို'ရွှတ်'ခနဲညစ်၍ သူ့ဖက်ကို 'ဖတ်'ခနဲ လွှင့်ပစ်ခဲ့လေ၏။

●

## အခန်း (၅)

ရာသီဥတုက ပူပူပြင်းပြင်းရှိလွန်းလှသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုန်လေအားနည်းနေသဖြင့် မိုးကလည်းမရွာပေ။ ကားကို Air Con ဖွင့်ပြန်တော့လည်း ဆိုးကမသက်သာ။

ဒါတောင် ရသမျှမုန့်ဖိုးဆီဖိုးထဲပါတာများသည်။ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနှင့် ပိုက်ဆံတောင်းရလွန်း၍ အကြောင်းပြစရာပင်မရှိတော့ပါ။

သူ လိုချင်သောမော်တော်ကား **အသစ်တစ်စီးရပြီး** ကတည်းက နဂိုမူရင်းအလှအတိုင်း ခုံရင်းခုံရင်းပြန်ဖြစ်သွား၍ ဖခင်ဖြစ်သူက သူ့ကိုမကြည့်မလင်ပြန်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်...

သူလိုကောင်စားမျိုးကို မည်သို့ကိုယ်တွယ်ပုံသွင်းရမှန်း အကြံထုတ်၍မရသော အဖေကဒီအတိုင်းအသာ စောင့်ကြည့်နေသည့်သဘောရသည်။

ထိုသို့... အစောင့်ကြည့်ခံဘဝမှာပင် သူကလည်းသူ့ ညကျလျှင် မော်ဒယ်လ်မလေးတစ်စုနှင့် နာမည်ကြီးကလပ်တစ်ခု သွားဖို့ ချိန်းထားပြီးပြီ။

ခက်နေတာကငွေ။ ငွေဆိုသော ငွေ။

အကြောင်းပြစရာကလည်း မရှိသလောက်ဖြစ်နေတော့ အကြံထွက်အောင် ဦးနှောက်ကိုပူမတတ်အလုပ်ပေးနေရသည်။

ယယ်ဓော်ဆီက ချေးငှားရဖို့လည်းလမ်းမမြင်။ ငိုယိုပြသဖို့ နာ ဖြစ်ထားတာက ဘာမျှမကြာသေးသည်မဟုတ်။ ခုထိ... သူ့ကို တွေ့တာပင် မျက်စောင်းက ထိုးတုန်းရှိသေးသည်။

"ငါတို့အားလုံးရှိသမျှ စုတာတောင်ငါးသောင်း မပြည့်ချင်ဘူး၊ ကောင်မလေးတွေကလည်း အနည်းဆုံးငါးယောက် ခြောက်ယောက်ဆိုတော့..."

"အဲသလောက်ငွေနဲ့ ပါးပါးလေးပဲစားကြသောက်ကြအုံးကွာ၊ ဘယ်လိုမှ မဖြစ်နိုင်ဖူးထင်သာ"

အောင်ကျော်သူက ပြောသည်။ ရာဇာမျိုးက...

"တောက်...အရေးအကြောင်းဆို ပေါင်စရာနဲ့စရာ ရွှေတိုရွှေစကလေးတောင်မရှိဖူး"

"အေးကွာ၊ ဒီလိုနေရာကျ မိန်းကလေးတွေက ကောင်းပြန်





ရော၊ ပိုက်ဆံလိုရင် နားကပ်၊ နားဆွဲ၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် ဘာချွတ်ပေါင်ပေါင် ငွေကအလွယ်လေးပဲ"

သူတို့တစ်ဖွဲ့လုံးက တစ်ယောက်မျှရွှေငွေလက်ဝတ် လက်စားဝတ်တာ ဝါသနာမပါကြပါ။

"အမှန်က ရွှေရှိရင်ငွေရှိတယ်ကွ၊ ဝတ်ဖို့ ဝါသနာမပါရင်တောင် မိဘတွေဆင်ပေးတုန်းယူပြီး သိမ်းထားသင့်တယ်"

ဒီစကားကို မိုးဟိန်းက ဝင်ပြောခြင်းဖြစ်သည်။ ဒါကို ချစ်သွေးက...

"မင်းက လူငယ်သလောက်အကြံကြီးသားပဲ"

"ဟာ! ဟုတ်ပြီ"

သူကရုတ်တရက်လက်ခနဲ့ အကြံရသွား၍ထအော်လိုက်သည်။

"ဘာလဲ"

"ဘာဟုတ်တာလဲ"

"ဟဲ ဟဲ၊ ရွှေရှိရင်ငွေရှိတယ်နော်၊ ကြည့်နေ ... ငွေမရရင် ရွှေရအောင်ဖန်းတီးပြမယ်၊ ရွှေရရင်ငွေဖြစ်အောင် လုပ်ဖို့က မင်းတို့တာဝန်"

သူ ဘာလုပ်မည်ထင်ပါသလဲ ကိုယ့်ဆရာ။

www.burmeseclassic.com

www.burmeseclassic.com

မချောလေးတွေက အလန်းစားလေးတွေမို့ သူတို့တစ်ဖွဲ့လုံးလွတ်ကဲ၊ လွတ်ရွဲ၊ လွတ်ပျော် နေတော့သည်။ တီးလုံးသံတွေက မြူးကြွကြွ၊ လင်းချည်တစ်ခါ၊ မှိန်ချည်တစ်လှည့်မီးရောင်၊ ယမကာ၏ ရီဝေဝေရစ်တစ်တစ်ခံစားမှု၊ ယစ်မူးဖွယ်အလှတရားများ။

သူတို့အားလုံးကဲ၍ဝ၊ က၍မောသွားကြသောအခါ အိမ်ပြန်ချိန်က သုံးနာရီထိုးပြီ။

အိမ်ပြန်ဖို့ကားပေါ်ကင်ထုတ်ချိန်မှာပဲ ကလပ်ပြန်သူလူတစ်စုနှင့် သူတို့အုပ်စုငြိကြသည်။ ငြိတော့ထိသည်။ ထိတော့ထိပ်ကွဲ ခေါင်းကွဲ နဖူးပြဲဖြင့် အချုပ်ခန်းသို့ တန်းတန်းမတ်မတ်ရောက်ကုန်ကြလေသတည်း။



"ဒီလိုသားမျိုးများကွာ၊ အာမခံသွားပေးနေရသေးတယ်၊ သူ့ဟာသူ ထောက်ကျကျ၊ ဟန်းကျကျလွှတ်ထားလိုက်ပါတော့လား မကျေးနီးရာ...ထွီး"

သူ့အတွက် အမေ့ခမျာအဖေပြောဆိုငေါက်ငမ်းနေသမျှခေါင်းငုံ့ခံနေရရှာသည်။ သူလည်း ခေါင်းမဖော်ဝံ့ပါ။ အရင်က ဘယ်လောက်ပဲ တေတေပေပေ၊ ပြဿနာကိုအိမ်သယ်လာရိုးမရှိ။ ခုဟာက... မသယ်လို့မဖြစ်။ မဟုတ်လျှင် အချုပ်ထဲဘယ်နှစ်ရက်ထိစံမြန်းသွားရမလဲ မသိ။

"မင်းလိုကောင်မျိုး ငါက အယုံအကြည်ကိုမရှိဘူး၊ ဘယ်မလဲ ဟိုနေ့ကလက်စွပ်၊ ချက်ချင်းလက်ငင်း ဝတ်ချင်လှပါချည်ရဲ့ဆိုပြီး၊ မဝတ်ရရင်ခုပဲလဲသေတော့မယ့်အတိုင်း ဝယ်နိုင်းတဲ့ဟာလေ..."

ပြဿနာပေါ် ပြဿနာဆင့်ပြီဟု သူ အောက်မေ့လိုက်သည်။ သို့သော် မတတ်နိုင်။ လာမည့်ဘေးပြေးတွေ့ရုံပင်ရှိတော့သည်။

"ဟို အဲ၊ ငွေလိုလို့ ပေါင် ပေါင် ထား ထား

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူ့ စကားပင်မဆုံးလိုက်ရ…အဖေ့အသံက မိုးချိန်းသံ အလားဟိန်းထွက်လာသည်။

ရွှေဝတ်တာလုံးဝ ဝါသနာမပါသောသူက ငယ်စဉ်ကတည်းက မိခင်ဖြစ်သူဆင်သမျှ အခါခါငြင်းဆန်ခဲ့သည်။ အဲဒီနေ့ ကလပ်သွားဖို့ ငွေလိုနေတော့မှ အကြံကုန်ဂဠုန်ဆားချက်ခဲ့ခြင်း ဖြစ်သည်။

"ခွေးဖြစ်မယ့်ကောင်၊ အလကားကောင်၊ သွား…မင်း ခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား…သွား"

"ကိုသာချို"

"တိတ်၊ မကျေနပ်ရင် မင်းပါဆင်းသွားမကျေးနဲ့၊ ဒါပဲ… ဟွင့်…"

မောင်းချခံရတာက သူတို့ …။

တကယ်တမ်းအိမ်ပေါ်က ဆင်းသွားသူကဦးသာချို ဖြစ်သည်။

ဒီနေ့မနက်စောစော ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးရှိသည်မဟုတ်လား။

●

သူသည် ညနေမှောင်စပျိုးချိန်၌ငယ်ဖော်တို့ အိမ်ဖက်ကူး လာခဲ့သည်။ မိခင်ဖြစ်သူကိုယ်တိုင်ကလည်း ဒီဘက်အိမ် နှစ်ရက် သုံးရက်လောက်ရှောင်နေချေဟု ပြောသည်။ ညနေ အဖေပြန် လာလျှင် ဒေါသမသေနိုင်သေး၍ ခေတ္တရှောင်ခိုင်းခြင်းပင်။

ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူဒေါသဖြစ်လျှင် ဤနည်း လမ်းကို သုံးနေကျဖြစ်သည်။

"ငါအခုပဲ ဗေဒင်တွက်နေတာဟ"

သူ ဝင်လာတာမြင်သည်နှင့် ငယ်ဖော်ကထိုသို့ဆီးပြော သည်။

"ဒီရက်ပိုင်းအတွင်း ညအိပ်ညနေဧည့်သည် လက်ခံပါနှင့် တဲ့"

"နင်တို့ဗေဒင်မှာ ယတြာတွေရှိတာပဲ၊ ဘာလုပ်ဖို့ပါ်ငီသား တာလဲ၊ ယတြာချေပြီး ဧည့်သည်လက်ခံလိုက်၊ ချေရမည့်ယတြာ

www.burmeseclassic.com

www.burmeseclassic.com



က အဲဒီဆြေသည်ကိုပဲ ကြက်သားဟင်းနဲ့ ထမင်းကျွေးလိုက်"

"ဟွန့်"

ငယ်ဖော်က မျက်စောင်းထိုးသည်။ သူ့ ခုံတစ်လုံးဆွဲဝင်ထိုင်ရင်း...

"တစ်ခါက ဗေဒင်ဆရာတစ်ယောက်ဆီ ဗေဒင်သွားမေးဖူးတယ်"

"ဟင်! ဟုတ်လား"

ဗေဒင်ဆိုလျှင် မိန်းမတွေကအင်မတန် စိတ်ဝင်စားသည်။

"အရမ်းမှန်တာပဲ"

"ဟယ်၊ ဘယ်မှာလဲ၊ ဘယ်ဆရာလဲ၊ ဘယ်လိုမှန်တာလဲ"

"ဖိနပ်ပျောက်လို့ သွားမေးတာဟ"

"ဟင်! နင့်ဟာကလည်း နင့်ဖိနပ်ဘယ်လောက်တန်လို့လဲ"

"တန်တာပေါ့၊ အဲဒါထက် ငါကသူ့ပညာကိုစမ်းချင်လို့ သွားမေးတာ"

"မေးတော့..."

"ဆရာလို့...ကျွန်တော်အရမ်းကြိုက်တဲ့ဖိနပ်ကလေး ပျောက်သွားတာ ပြန်တွေ့နိုင်မလားပေါ့"

"အင်း"

"အောင်မာ၊ သူကချက်ချင်းကို ဒက်ဒီဟောခဲ့တာပဲ၊ ပြန်တွေ့မယ်တဲ့"

"တကယ်ပြန်တွေ့တယ်ပေါ့"

"တွေ့တယ်"



"ဟယ်အဟုတ်၊ ဘယ်ကပြန်တွေ့တာလဲ"

"ဗေဒင်ဆရာဟောတဲ့အနောက်အရပ်ကပဲ"

"အနောက်အရပ်၊ ဘယ်အနောက်ရပ်လဲ"

"ငါ့နောက်က ခါးကြားထဲမှာ ထိုးထားတာ"

"သေနာ၊ ကောင်စုတ်"

"ဟား ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ငယ်ဖော်ကိုစရ မနောက်ရလျှင် အင်မတ
ပျော်သည်။ ငယ်ဖော်စိတ်ဆိုးလို့မကဆိုး၍တွေ့ရာနှင့် ပစ်ပေါက်လျှ
ဒီဘက်အိမ်ပြန်ပြေးလာသည်။ အဖေအလုပ်များလွန်း၍ သူ့
ဘာမှမပြောနိုင်သောအခါ သူ အိမ်ပြန်ရောက်ကာအရင်အတိုင်း
ဖြစ်သွားပြန်သည်။

ထို့နောက်အဖေက ကားသော့ပြန်သိမ်းသွားသလို မုန့်
ဖြတ်တောက်မှုကိုလည်း တရားဝင်အမိန့် ပြန်လည်ထုတ်ပြန်ခဲ့
သည်။

ဒါတင်မက သူ့ကျောင်းသွားလျှင်ဖြစ်စေ၊ အပြင်ထွ
လျှင်ဖြစ်စေ အိမ်ကဘာပစ္စည်းများခိုးဝှက်ယူသွားသလဲဟု ခြံစော
ဦးလှဝကို စစ်ဆေးခိုင်းပြီးမှသွားစေသည်။

"ဘာလဲဗျ ဦးလေးဝရ"

"မင်း အဖေအမိန့်ပါ လူလေးရာ၊ ဦးလေးဝကို စိတ်မဆိုးပါနဲ့..."

"ဟာဗျာ"

သူ့သိက္ခာသည် တစ်ပြားတစ်ချပ်မှပင် မကျန်တော့ပါ။ ဖခင်ဖြစ်သူက တစ်ဆိတ်တော့ လွန်လွန်းပြီးထင်၏။

သို့နှင့်...

သူသည် ညပိုင်း၌ အဖေ့ထံအရေးဆိုးမှုတွေ စတင်တော့သည်။

"အဖေရော... ကျွန်တော်ကအဖေမွေးထားတဲ့ အဖေ့သား အရစ်ပါဗျ၊ ကျွန်တော်သိက္ခာကျရင် အဖေလည်း သိက္ခာကျမှာပဲ"

"လုံးဝမဆိုင်ဖူး၊ ခြေမ မကောင်းခြေမ၊ လက်မ မကောင်းလက်မပဲ၊ ငါက မင်းကိုအလကားနေရင်း သိက္ခာချနေတာ မဟုတ်ဖူး၊ ငါ့ရဲ့ယုံကြည်မှုတွေပျောက်အောင် မင်းပဲလုပ်တာ"

"ကျွန်တော်လုပ်တာ အဖေ့စည်းစိမ်ဘယ်လောက်လျော့သွားမှာမို့လဲ"

"အောင်မလေး၊ မပြောနဲ့ထင်သာ၊ ကုဋေရှစ်ဆယ် သူဌေးသားတောင် ခွက်လက်ဆွဲသွားရသေးတာ"

"မဟုတ်သေးဖူး အဖေ၊ မဟုတ်သေးဖူး"

"ဟေ့ကောင်၊ မင်း, ဘာမှစောဒကလာတက်မနေနဲ့... မကျေနပ်ရင်..."

အဖေက စကားကိုဆုံးအောင် မပြောဘဲရပ်လိုက်သည်။ ပြီးမှ ...

www.burmeseclassic.com



"ခင်းကို အိမ်ပေါ်ကဆင်းလို့ နှင်ချရင်လည်း ဟိုဘက်အိမ်သွားခိုကပ်နေမှာပဲ၊ ဒီတော့... မကျေနပ်ရင်လဲသေလိုက်ကွာ" တဲ့...။

●

အဖေက သူ့ကို မုန့်ဖိုးဖြတ်သော်လည်း ကျောင်းစရိတ်ကိုတော့ဖြတ်၍မရ။ မုန့်ဖိုးကိုလျှော့ပေးပေမယ့် သူ့အတွက် အခက်အခဲမရှိပါ။ ကျောင်းစရိတ်နှစ်ဆသုံးဆ မြှင့်တောင်းလိုက်သည်။

"ခေတ်ကာလက အရင်နဲ့မတူတော့ဘူး အမေရ၊ ကျောင်းကသာရေးနာရေးနဲ့၊ စာရေးကိရိယာဖိုးတွေနဲ့ စားသောက်ကုန်ကလည်းဈေးကြီးတော့ တစ်ခါတလေ ကျွန်တော့်မှာတစ်ပြားမှမကျန်လို့ တစ်နေကုန်အူယောင်းလောင်း ပြန်ခဲ့ရတာ၊ ခုလိုနေ့မျိုးပေါ့"

သူက အမေသနားအောင် အမူအရာကောင်းကောင်းနှင့် ပြောပြီးထမင်းကိုအားပါးတရ စားပြလိုက်သည်။ သဘောတတော်ကြီးကျလာသည့်သဘော။

"မနက်ဖြန်လည်း သူငယ်ချင်းတစ်ယောက်ရဲ့ ဦးလေးဆုံးတာ ကူငွေထည့်ရဦးမှာ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လျှင် သူငယ်ချင်းများ၏ ဦးလေး၊ အဒေါ်စသဖြင့် ဆွေမျိုးသားချင်းတွေ နှစ်ဦးအနည်းဆုံး သေခိုင်းရ၏။

"အမေ, ပိုက်ဆံပို့ပေးလိုက်မယ်၊ ငါ့သားလေး ဗိုက်အဆာ မခံနဲ့နော်၊ သားလေးကျန်းမာမှ အမေစိတ်ချမ်းသာမှာ... ငယ်ငယ်ကဆိုရင်သားဖျားတိုင်း အမေမှာငိုခဲ့ရတာ..."

"ဩော်... အမေပြောမှ သတိရပြန်ပြီ၊ သားဆောင်းနေတဲ့ ထီးကခလုတ်တွေ ပျက်ကုန်ပြီ၊ အခုပေါ်တဲ့ထီးတွေက မနိုင်ပါဖူး အမေရာ..."

အမှန်က သူ့ထီးဘာမှ မဖြစ်သေးပါ။ အခြေအနေကောင်းတုန်း လိုမ့်တောင်းနေခြင်းပင်။

ဒါကို သူငယ်ချင်းတွေသိတော့ "မင့်ထီးတစ်ချောင်းက တော်တော် အလုပ်ဖြစ်သားပဲ" ဟု ဝိုင်းဝန်းပြောဆိုကြသည်။

ဒီလိုနှင့်...

တေရင်းပေရင်း ပျော်ရင်းပါးရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်သွားသည်။ ကျောင်းလည်း နောက်ဆုံးနှစ်ပြီးသွား၏။

သူ့မှာဖြင့် ပညာတောင်မစုံသေး။

အလေနတောနေတဲ့ ပညာပြောတာပါ။

●



[redacted]

ဒီ, နှင်းဆီပွင့်လေး မနေ့ညကသူမြင်တော့ အဖူးလေးသာ ရှိသေးသည်။ ခု... မနက်မှာ နေရောင်အောက် လန်းလန်းစွင့်စွင့် ပွင့်နေ၏။ နေရောင်အောက်ရှိနေတာတောင် မွှေးပျံ့၍နေလေသည်။

အင်း...။ ချစ်သူရီးစားရှိနေသူ အတွက်ဆိုရင်တော့... လှပမွှေးပျံ့ပြီး ငွါးငွါးစွင့်စွင့်ပွင့်နေတဲ့ ဒီပန်းလေးက ပေးလို့ အကောင်းဆုံးပေါ့။

ခုတော့...

ညနေကျလျှင် ငယ့်ဖော့လက်ချက် မိသွားပေလိမ့်မည်။ ရီးစားမရှိသေးသော ငယ်ဖော့ကိုလည်း ပန်းပေးမည့်သူမရှိပါ။

"အဟတ်"

သူ, တွေးရင်း ရယ်ချင်၍ ရယ်လိုက်မိသည်။

"ထင်သာရေ၊ ဟွဲ ထင်သာ"

အာကျယ်သော မိန်းကလေးတွေ၏ **အသံစူးစူးက** သူ့နားထဲ ဘယ်လိုမှအဆင်မပြေ။ ခက်တာက **ဒီအသံရှင်သည်** သူနှင့်အိမ်နီးချင်း ငယ်သူငယ်ချင်း **ဖြစ်နေ၏**။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ထောင်သာ၊ ခေါ်လိုက်ရတာဟယ်၊ နဲနဲပါးပါး **ပြန်ထူးပါအုံး**"

"အချိန်တန်ရင် ထူးမယ်၊ ဘာလို့အာပြဲကြီးနဲ့ **အော်နေရတာတုံး**၊ အဖေက သန်းခေါင်းကျော်မှ အိပ်ရာဝင်တာ၊ **နိုးသွားမယ်**"

"ဟင်း ... သိဖူးလေ"

"သိသိ၊ မသိသိ မိန်းကလေးဖြစ်ပြီး စကားကိုတိုးတိုး သက်သာပြောစမ်းပါ"

"အေးပါဟယ်၊ ဒီမှာ... ငါက မုန့်ဟင်းခါးလာပို့တာ... နင်ပဲ အပြင်ဆိုင်က မုန့်ဟင်းခါးတွေ **မကြိုက်ဖူးဆို**"

သူငယ်ချင်းကောင်းဆိုတာ ဒါမျိုးကိုပြောတာဖြစ်မည်။ **စားကောင်းသောက်ဖွယ်လေးရှိတော့ သူငယ်ချင်းကို** သတိရရှာသည်။ သူက စိတ်ထဲမှ အသိအမှတ်ပြုနေသော်လည်း ပါးစပ်ကထုတ်ဖော်မပြပါ။ မိန်းမတွေက မျက်နှာသာပေးလျှင် ရောင့်တက်မှာစိုးရသည်။

သို့သော် ... ငယ်ဖော့်သိတတ်မှုကိုလည်း တစ်ခုခု ပြန်လည်တုန့်ပြန်ချင်သည်။ သို့နှင့်...

"ငယ်ဖော်"

"ဘာလဲ"

"နင့်ကို ငါ 'ပန်း' ပေးမယ်"

" **ဘာ** ! "

"အောင်မလေး၊ သောက်ကျိုးနည်း"





မိုးလုံးဟိန်းတမျှ ကုန်းအော်လိုက်သော ငယ်ဖော့်အော်သံကြောင့်သူ့, တကယ့်ကို လန့်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ငယ်ဖော်ရာ၊ လန့်လိုက်တာ၊ 'ပန်း'ပေးမယ်ပြောတာ အဲသလောက်အော်ရလား"

"တော်စမ်းပါ **only** နှာဘူးရယ်၊ နင် ပန်းပေးမယ် ပြောတာ ရိုးရိုးပြောတာ ဟုတ်ချင်မှဟုတ်မှာ၊ ဟွန့် ... နင် မဟုတ်တရုတ် ယုတ်မာပြောတာ"

"အောင်မလေးဖြစ်ရလေ မိငယ်ဖော်ရာ၊ နင့်ဟာနင် လိုချင်တာဆွဲတွေးမနေနဲ့... ငါက အဟုတ်စေတနာနဲ့ ပြောနေတာ... မယုံရင် ဟိုမှာကြည့်..."

သူက လက်တွေ့ပြလိုက်တော့မှ ငယ်ဖော်ယုံသွားသည်။

"ဟယ်... လှလိုက်တဲ့ 'ပန်း'၊ ဖြူဆွတ်နေတာပဲ"

"အဲဒီ 'ပန်း' လား"

"အေးပေါ့၊ ဖြစ်နိုင်ရင် အဲဒီ 'ပန်း' ကို 'ရွှေ' ချထားလိုက်ချင်သေးတယ်၊ ထူးထူးဆန်းဆန်း နင်ပေးတာမို့လို့လေ"

"အဲဒါဆို 'ရွှေပန်း' ဖြစ်သွားမှာပေါ့ဟ"

"ဘာဖြစ်ဖြစ်..."

ငယ်ဖော်က ဆက်မပြောတော့ပဲ မျက်စောင်းထိုးကာ မုန့်ဟင်းခါးချိုင့်ကြီး ဘေးချ၍ ပန်းပွင့်ကို သွားခူးလေသည်။

"ပန်းမကြိုက်တဲ့ မိန်းကလေးဆိုတာ မရှိပါဖူးဟ"

●

www.burmeseclassic.com

www.burmeseclassic.com

သူ့အဖေစကားလည်းဆုံးရော သူ့မှာသတိလက်လွတ် ရယ်လိုက်မိသည်။ အဖေရော၊ အမေပါသူ့ကို အထူးအဆန်းသဖွယ် တအံ့တဩ ကြည့်လာသည်။

"ခွီး ခွီး၊ အစ် အစ်၊"

"ဟောကောင်၊ မင်းကဘာရီတာလဲ၊ မင်းကိုအိမ်ထောင် ချပေးမယ်ဆိုတဲ့ ငါ့စကားထဲမှာ ရီစရာတစ်လုံးမှမပါဖူး"

"ရီချင်လွန်းလို့ပါအဖေရာ၊ အဖေတို့၊ အမေတို့ တစ်နေ့ ဒီလိုစကားမျိုး ပြောလာမယ်ဆိုတာ ကျွန်တော်တွက်ပြီးသားပဲ၊ ဒီလိုအကွက်တွေက ရိုးပါပြီ အဖေရာ၊ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာ တောင် သိပ်မရေးကြတော့ဖူး"

"ထင်သာ၊ မင်းဘာတွေပြောနေတာလဲကွ"

"အဖေပဲ ကျွန်တော့်ကို အိမ်ထောင်ချပေးမယ်ဆို... အဖေတို့လူကြီးချင်းညှိပြီး ကျွန်တော်နဲ့ငယ်ဖော်ကို ပေးစားကြ



တော့မယ်ပေါ့၊ ဒီအဆင်နဲ့ဒီအဆင် အဖေရာ... ကျွန်တော်တို့က သူငယ်ချင်းအဖြစ်ကလွဲလို့ ဘယ်လိုမှမဖြစ်နိုင်ပါးဖူး အဖေရ"

"အောင်မာ၊ မင်းလိုကောင်ကများ ပြောရတယ်ရှိသေး၊ ကျုလည်းကျုတဲ့ကောင်ပဲ"

ကိုယ့်ကို မွေးထားပေးတဲ့ အဖေအကြောင်း ကိုယ်မသိဘဲ နေပါ့မလား။ ဖခင်ဖြစ်သူ အဘယ်ခြေလှမ်းလှမ်း နေသလဲဆိုတာ သူရိပ်မိသည်။

"ဟင့်အင်း အဖေရာ၊ ကျွန်တော်တော့ သူငယ်ချင်း အချင်းချင်း မယူနိုင်ဖူး"

"သူငယ်ချင်းမဟုတ်တဲ့ တခြားတစ်ယောက်ဆိုယူမယ်ပေါ့"

"ဗျာ"

သူ့ ကြောင်သွားသည်။ အဖေဘာကို ဆိုလိုပါသနည်း။

သူ့ ဆွံ့အနေစဉ် အမေက...

"ငယ်ဖော်ကလည်း သားလိုနေမှာပါပဲ၊ အမေတို့ကလည်း သားတို့ကိုနားလည်ပါတယ်။ သားနဲ့ငယ်ဖော်က မောင်နှမလို၊ သူငယ်ချင်းလို သံယောဇဉ်ရှိကြတာ မဟုတ်လား"

"အဲ... အဲဒါနဲ့..."

"သားအဖေကုမ္ပဏီက ဒါရိုက်တာအဖွဲ့ဝင်လူကြီးတစ် ယောက်ရဲ့ သမီးပဲ၊ သူနံမယ်က ကေဇင်သန့်တဲ့၊ ကောင်မလေး ကလှတယ်၊ နေအုံး၊ အမေသူ့ဓါတ်ပုံပြမယ်"

အမေက စကားဝိုင်းအပြင် ထွက်သွားသည်။ အဖေက...

"အဲဒီတော့... မင်းကို ငါရှည်ရှည်ဝေးဝေး မပြောတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



**ရွေးစရာလမ်းနှစ်ခုပေးမယ်၊** မင်းဘဝတွက် မင်းကြိုက်တာ **သာရွေး"**

အဖေက ရေဘူးထဲမှရေကို ခွက်ထဲငှဲ့ပြီး တစ်ကြိုက် တည်းမော့သည်။ သူက အဖေပြောမည့်စကားကို ကြားချင်လှပြီ။ **ရွေးစရာလမ်းနှစ်ခုဆိုတော့...** တစ်ခုက အိမ်ထောင်ချပေးမည်၊ နောက်တစ်ခုက ဘာဖြစ်နိုင်မည်နည်း။

"ဒီမှာ သားရေ... ကေဇင်သန့်ပုံ"

ပြတော့လည်း ကြည့်ရတော့တာပေါ့။ နောက်ထပ်ရွေးစရာ လမ်းတစ်ခုက ဘာမှန်းမှမသိသေးတာ။

"အင်း"

"ဘယ်လိုလဲသား၊ တော်တော်မလှရဲ့လား"

"ဟုတ်၊ အတော်လေးလှသားပဲ"

"လှလည်းလှတယ်၊ ပြီးတော့... မင်းအဖေလုပ်ငန်းမှာ အကျိုးတူပူးပေါင်းလုပ်နေသူ၊ မင်းအဖေပြီးရင် ကောင်မလေး အဖေက ဒုတိယရှယ်ယာအများဆုံးပဲ"

"အဲဒီတော့... သားတို့လူငယ်ချင်းလည်း အကျိုးတူအောင် ပူးပေါင်းရမယ်ဆိုပါတော့..."

"ဟေ့ကောင်၊ စကားကို ယဉ်ယဉ်ကျေးကျေးပြောစမ်း"

"ဟုတ်ကဲ့ပါအဖေရာ၊ တကယ်ဆိုကျွန်တော်က မိန်းမ မယူချင်သေးဖူးဗျ၊ ခုမှငယ်ငယ်လေးရှိသေးတာ"

"အပိုတွေပြောမနေနဲ့ ထင်သာ၊ မင်းအရွယ်ကအိမ်ထောင် တစ်ခုကောင်းကောင်းထိန်းနိုင်ပြီ၊ ပြီးတော့...ခက်ခက်ခဲခဲဘာမှ



မပါဖူး၊ မိဘခင်းပေးတဲ့လမ်းကိုမင်းက သက်သက်သာသာလျှောက် လှမ်းသွားရုံပဲ၊ မင်းတို့အတွက်နေ့စဉ်ဝင်ငွေရမယ့်လုပ်ငန်းတစ်ခု ထူထောင်ပေးထားမယ်"

သူ့ကိုအဖေက ခြေချုပ်နေတာသေချာသည်။ ယခုလိုအိမ် ထောင်ချပေးလိုက်လျှင် အိမ်နှင့်အလုပ်သွား အလုပ်ပြန်သာဖြစ်သွား ပြီးခြေငြိမ်သွားစေရန် ဖြစ်သည်။

"ကျွန်တော် အိမ်ထောင်မပြုချင်သေးဖူး အဖေရာ"

"ဒါတော့ မင်းသဘောပဲလေ၊ မင်းကိုရွေးစရာနှစ်လမ်း ပေးမယ်ပြောပြီးပြီပဲ"

"ဒါ...ဒါဆို တစ်ခုကဘာလဲအဖေ"

"အိမ်ထောင်မပြုချင်ရင် ငါ့ကုမ္ပဏီမှာအလုပ်ဝင်လုပ် ... ဒါပဲ... ဟွင်း"

"ဗျာ!"

သူ လန့်သွား၏။ အဖေ့လက်အောက် အလုပ်လုပ် လို့ကတော့ အကျယ်ချုပ်ခံရတာထက်ဆိုးသွားလိမ့်မည်။

"အဲဒီတော့...မင်းကြိုက်တာရွေးပေါ့ကွာ"

သူက အမေ့ကို စစ်ကူတောင်းဖို့လှမ်းကြည့်လိုက်သည်။ အမေကခေါင်းကိုအသာအယာညိတ်ပြသည်။ လက်ခံလိုက်ဆိုသည့် သဘော။

သွားပြီ၊ ကယ်ကူရာမဲ့ပြီ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မိုးဟိန်းတို့အိမ် သူ ရောက်သွားတော့လက်ဆေးတဲ့သူက ဆေး၊ ပန်းကန်ဆေးတဲ့သူက ဆေးနေပြီ… မိုးဟိန်းကတော့ ထမင်းကိုဖြည်းဖြည်းချင်းစားလျက်ရှိသေးသည်။ ဒီကောင်က ယောကျာ်းဖြစ်ပြီး အစားနှေးသည်။ ထမင်းကိုတစ်စေ့ချင်းဝါးနေ၏။

"လာကွာ ထင်သာ၊ မင်းအတွက်အရိုးအရင်းလေးတော့ ကျန်သေးတယ်၊ ဟောဒီစားပွဲအောက်ဝင်ကိုက်ချင်ကိုက်"

အိမ်ကနေညစ်လုံးလုံးပြီးထွက်လာသောသူ့ကို မိုးဟိန်းက ရန်စသည်။ အောင်ကျော်သူက…

"မင်းပုံစံက ထင်သာမြင်သာဖြစ်လောက်အောင် ရွဲ့နေတာပဲ၊ ဘာတွေညစ်လာပြန်ပြီလဲကွ"





"ပြောမပြောချင်ပါဘူးကွာ"

"အေး၊ မပြောနဲ့"

ချစ်သွေးကလှမ်းအော်သည်။ ရာဇာမျိုးက လက်သုပ်ရင်းဝင်ထိုင်၏။သူက…

"မပြောလို့လည်းမဖြစ်ဘူး၊ ဒီလိုကွ ငါအိမ်ကနေ စိတ်ညစ်ညစ်နဲ့ ထွက်လာတော့ လမ်းမှာဗိုက်ထဲက ရစ်နာပြီးချီးပါချင်လာတယ်၊ ဒါနဲ့… ချီးပါချင်တာကို အောင့်အီးပြီး ဘတ်စ်ကားတစ်စီးပေါ်ပြေးတက်လိုက်တယ်၊ တောက်"

"ဘာ…ဘာဖြစ်သွားတာလဲ"

သူက ဒေါသတကြီးနဲ့ 'တက်' ပြင်းပြင်းခေါက်လိုက်တော့ ချစ်သွေးနှင့် အောင်ကျော်သူက မျက်လုံးပြူးကြီးဖြင့် မော့ကြည့်ပြီး ရာဇာမျိုးက စိတ်ဝင်တစားလှမ်းမေးသည်။ ရွံ့ရှာတတ်သော မိုးဟိန်းက နှာခေါင်းရှုံ့လေ၏။

"တောက်…ကလေးအမေတစ်ယောက်ရဲ့ ဘေးမှာမှသွားထိုင်မိတယ်၊ ငါလည်းထိုင်ပြီးရော… ကလေးကချီးတွေပါချတော့တာပဲ"

"ဟေ"

"မင်းဟာကလည်းကွာ"

"ဖြစ်ရပလေ သူငယ်ချင်းရာ"

"ငါ့အဖြစ်က ကံဆိုးမသွားရာမိုးလိုက်လို့ရွာမဟုတ်ဘူးကွ၊ ကံဆိုးကောင်သွားရာ ချီးလိုက်လို့ပါဖြစ်နေတယ်"

ဒီအချိန်ထိ ငတိတွေကသဘောမပေါက်ကြသေး၏



www.burmeseclassic.com

www.burmeseclassic.com



သူလည်းခပ်တည်တည်ဆက်ပြောသည်။

“ဒါလည်း ငါ့အဖြစ်ကမပြီးသေးဘူး၊ ဆိုးလိုက်တဲ့ဘဝကွာ၊ ကားပေါ်ကဆင်းပြီး ဒီကိုလျှောက်လာတော့... တောက်”

“ဘာဖြစ်ပြန်ပြီတုန်း”

“အဖေကငါ့ကားသိမ်းသွားတာဆိုးတယ်။ သူများမောင်းလာတဲ့ကားတွေပဲ တိမ်းရှောင်နေရတယ်၊ ဒီကောင်မိုးဟိန်းတို့ လမ်းကလည်းကားရှုပ်တယ်မဟုတ်လား၊ ဒီတော့...လမ်းဘေးပဲ ဆင်းရှောင်နေရတယ်။ အဲဒီမှာပေါ့၊ လမ်းဘေးလည်းဆင်းလိုက်ရော...လား လား”

“ဘာလဲမြွေကြီးလား”

“ပိုက်ဆံထုပ်တွေ့လို့လား”

“ဘယ်ကဟုတ်ရမှာလဲ၊ ချေးချီးပုံ...ပုံ”

“ဟော့ကောင်”

သူ့စကားတောင်မဆုံးလိုက်ဖူး။ ထမင်းစားနေရာကနေ မိုးဟိန်းက အသံကုန်အော်ဟစ်လိုက်သည်။

“ဟော့ကောင်... ဒီမှာ ငါ ချီးစားနေတာမင်းမတွေ့ဖူးလား ကွ”

“ဟော!”

“ဟင်! မင်းက ချီး...ချီး.. စားနေတယ်၊ ဟုတ်လားမိုးဟိန်း”

အမှန်က မိုးဟိန်းရှဲ့တတ်မှန်းသိ၍သူကတမင်တကာ ချီးအကြောင်းတွေလျှောက်ပြောနေခြင်းဖြစ်သည်။ ဒါကိုမိုးဟိန်းကလည်း ဆောင်ရမ်းကာ “ထမင်းစားနေတယ်”ဟုပြောရမည့်အစား ဒေါသ

ဖြစ်ဖြစ်နှင့် ချီးစားနေတာဟု အော်လိုက်ခြင်းဖြစ်သည်။

ဩော်...ဒေါသ...ဒေါသ။

●

www.burmeseclassic.com



"အားပါ၊ မိုက်တယ်၊ အလန်းစားလေးပဲ"

"မဆိုးဖူး"

သူ ယူလာသောဓါတ်ပုံကို ဝိုင်းကြည့်ကြရင်း တစ်ယောက်တစ်ပေါက်မှတ်ချက်နေကြခြင်းဖြစ်သည်။ ရာဇာမျိုးက...

"ဟော့ကောင် ထင်သာ၊ ကောင်မလေးကလှတာတော့လှတယ်၊ ဒါပေမယ့်... ကွန်ပျူတာနဲ့ ပြင်ထားတာ ဖြစ်နေအုံးမယ်"

"ဟုတ်တယ် ထင်သာ၊ အပြင်မှာတွေ့ကြည့်နော့"

"ငါ အဲသလောက်မတုံးပါဖူးကွာ၊ ခက်တာက အဖေ့လက်အောက် ကုမ္ပဏီမှာလည်းအလုပ်မလုပ်ချင်ဖူး၊ အိမ်ထောင်လည်း မပြုချင်ဖူး"

"အဲဒီတော့...နှစ်ခုစလုံးကိုငြင်းရင်ရော..."

"ဒါဆိုအမွေဖြတ်ဖို့ သေချာတယ်၊ အဘိုးကြီးအကြောင်း မင်းတို့လည်း သိသားပဲကွာ"

"ကေဇင်သန့်ပဲယူလိုက်ကွာ၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်ပေးမယ်ဆိုတော့ အချိန်မရွေးလစ်လို့ရတာပဲ"

"အောင်ကျော်သူပြောတာ ဟုတ်တယ်၊ အဘိုးကြီး ကုမ္ပဏီဆိုမင်းအတွက် အကျယ်ချုပ်ထက်ဆိုးမယ်"

"အင်း၊ ဟုတ်တယ်"

"ယူလိုက်ကွာ၊ မိန်းမချောလေးတစ်ယောက် အဖတ်တင်နည်းလား၊ မင်းမလိုချင်လည်း ဟန်ပြယူထားပြီး ညကျချစ်သွေးဆီ ပို့ထားလိုက်..."

"သူများသားသမီးကိုနော်၊ မင်းနှမကျမှပို့ခဲ့ အောင်ကျော်သူ"





ချစ်သွေးက အောင်ကျော်သူကိုဟောက်သည်။

"ငါကြားသလောက်တော့... ကောင်မလေးကလည်း ဇယားလေးပါကွာ"

"ဟင်! ဒါများထင်သာရာ၊ မင်းအဖေနဲ့အမေက ဘယ်လိုကြောင့်ပါလိမ့်..."

"တစ်ယောက်ကိုတစ်ယောက် ထိန်းသွားဆိုတဲ့အဓိပ္ပါယ်ပဲ၊ အိမ်ထောင်ကျသွားရင် လူတွေကခြေငြိမ်သွားကြတယ်လို့... အများကလက်ခံထားကြတာကိုး..."

"ငါတို့ထင်ထားတာက တကယ်လို့မင်းကိုအိမ်ထောင်ချပေးရင် ငယ်ဖော်နဲ့ပဲလို့ထင်ထားတာ"

"ဟုတ်တယ်၊ အားလုံးကမင်းလိုပဲရာဇာမျိုး၊ ဒါပေမယ့်... ငါ့အမေပြောတာက ငါနဲ့ငယ်ဖော်ကိုမျက်စိအောက် အတူကြီးလာတဲ့ မောင်နှမလိုပဲမြင်တယ်တဲ့"

"မဆိုင်ပါဖူးကွာ၊ ဘာမှမတော်တာ"

"ငယ်ဖော်ကမင်းအပေါ် အရမ်းကောင်းတာထင်သာ၊ မင်းကို သဘောကျစိတ်မဝင်စားနေဖူးလို့ ပြောနိုင်မလား"

"ဘာ! ဟားဟား၊ မဖြစ်နိုင်တာကွာ၊ သူလည်းငါ့အဖေနဲ့ တစ်ဂိုဏ်းတည်းသားပဲ၊ ငါ့ကိုဆို အကောင်းမမြင်ဖူး"

"အေးလေ၊ မင်းကလည်းကောင်းမှမကောင်းတာ"

သူတို့စကားဝိုင်းက ကြာဖံဟင်းခတ်သလိုဖြစ်နေသည်။ ဟိုကွေ့သည်ကွေ့ ကွေ့နေ၏။ နောက်ဆုံးမှ အားလုံးကတညီလက်ညီ ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမယူလိုက်တာပဲ ကောင်းတယ် ထင်သာ၊ ဒါမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ပေးမှာဆိုတော့ ကိုယ့်ခြေကိုယ့်လက်နဲ့ ပိုင်ပိုင်နိုင်နိုင်ကဲလို့ရမယ်"

"မိန်းမနဲ့လွဲထားပြီး ငါတို့ဆီကားလေးမောင်းထွက်လာခဲ့ပေါ့"

"အိမ်ထောင်ကျပြီလည်း ယောက်ျားလေးကလှေကားသုံးထစ်ဆင်းရင် လူပျိုပဲ"

သည်စဉ်ကတော့ သူတို့ခေါင်းထဲသုံးစားမရသော အတွေးအခေါ်တွေသာကြီးစိုးနေလေသည်။

●

သူသည်ခေါင်းညိတ်ခဲ့ပြီမှ မှားပြီလားဟု တွေးမိသည်။ လူတစ်ယောက်၏ တစ်ဘဝလုံးနှင့်ဆိုင်သော အိမ်ထောင်ရေးသည် လွယ်လွန်းသည်ဟုထင်သည်။ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်သောင်ကမ်းကပ်၍ အဘယ်ကမ်းဆိုက်နေသလဲမသိ။ သံယောဇဉ်နှင့် ချစ်သွားကြမှာပါဟူသော စကားကရော မည်မျှထိသေချာပါသနည်း။

လွယ်လွယ်တွေး၍ ပေါ့ပါးလုပ်ခဲ့သောအရာက နောင်တစ်ချိန်ဘဝအတွက် အမဲစက်ဖြစ်လာနိုင်တာကို **သူ မစဉ်းစား**ခဲ့မိပါ။

"နင် သေချာစဉ်းစားပြီးပြီလား ထင်သာ"

"ဘာကိုလဲ"

"အိမ်ထောင်ပြုဖို့ကိစ္စ"

"ဟော့ အေး၊ မစဉ်းစားဖူး၊ **မိဘက ကောင်းမယ်ထင်လို့**



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်တာပဲ၊ အာဖဂန်နစ္စတန်တို့၊ အီရတ်တို့မှာ ကျည်ဆန်သွား ကောက်ခိုင်းတာမှ မဟုတ်တာ"

သူကခုထိ စကာကိုလွယ်လွယ်နှင့် ခပ်ပေါ့ပေါ့ပြောနေဆဲ ဖြစ်သည်။

"နင် နင့်အဖေကုမ္ပဏီမှာ ဝင်လုပ်ဖို့အဲသလောက်ထိ ကြောက်သလား"

"ဒါတွေနင်မသိပါဖူး ငယ်ဇော်ရာ..."

သည်စဉ်က ငယ်ဇော့်မျက်နှာခပ်မှိုင်းမှိုင်းဖြစ်နေခြင်းကို သူ သတိမထားမိခဲ့ပါ။

ဒီလိုနှင့်...။

●

## အခန်း (၇)

မိန်းမတစ်ယောက်ကို နေ့ချင်းညချင်း အရှင်လတ်လတ် ရခဲ့သည်။ ယခုချိန်ထိတော့ သူ့ခေါင်းထဲမှာရော၊ ရင်ထဲမှာပါ အချစ်ရေး၊ အိမ်ထောင်ရေးဆိုတာတွေက ဘာမှန်းသေချာခံစား နားလည်ခြင်း မရှိသေးပါ။ အိမ်ထောင်ကျသွားသည့်အတွက်လည်း သူ့တွင် မည်သို့မျှပြောင်းလဲသွားခြင်းမရှိမပေ။

သူ့ဖခင်၏ တွက်ကိန်းကသူ့ကိုအိမ်ထောင်ရက်သား ချပေးလိုက်လျှင် ခြေငြိမ်သွားမည်ဟုတွက်ထားပုံရသည်။ ယခုတော့...ဖခင်ဖြစ်သူ၏တွက်ကိန်းမှာ တကဲတတော်ခင် မှားလေသည်။

ယခုတော့... သူနှင့်သူ့အိမ်ထောင်ဖက် ထေစင့်သန့်တို့မှာ နှစ်ယောက်ပေါင်းလောင်းကျော်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည်လူမျိုးဘဝကထက်ပင်ပို၍ လွတ်လပ်နေ၏။ ကိုယ်ပိုင်လုပ်ငန်းမှဝင်ငွေ၊ ကိုယ်ပိုင်ကား၊ ကိုယ့်စိတ်ကြိုက်သွားလာခွင့်များက မြင်းကိုအတောင်တပ်ပေးသည်ထက်ပင် ဆိုးတော့၏။

ဒီနေ့လည်း...ညကိုးနာရီထိုးတွင် အောင်ကျော်သူတို့ရှိရာ လက်ဖက်ရည်ဆိုင်ကို သူ ရောက်လာသည်။ သူ့ကိုမြင်သည်နှင့် ရာဇာမျိုးက...

"ဘယ်လိုအိမ်ထောင်သည်လဲ၊ ညကိုးနာရီထိုးနေပြီ၊ အိမ်မပြန်သေးဘူးလား"

"ဇနီးမယားအသစ်စက်စက်က‌ေ‌ ..ာ မျှော်နေမှာပေါ့"

ချစ်သွေးကပါ ဝင်ပြောသည်။ မိုးဟိန်းကတော့ သူဝင်လာတာမြင်ကတည်းက သောက်လက်စ လက်ဖက်ရည်ခွက်ကို မလွှတ်စတမ်းကိုင်ထား၏။

"ည ရှစ်နာရီကျော် ကိုးနာရီအချိန်က လက်ဖက်ရည်သောက်တဲ့အချိန်မှမဟုတ်တာ... မင်းလက်ဖက်ရည်ခွက်ကို ဘာမှသောကများမနေနဲ့ မိုးဟိန်"

သူ့စကားကြောင့် ကျန်တဲ့ကောင်တွေကအရောင်တလက်လက်ထွက်နေတဲ့ မျက်လုံးတွေနှင့် ကြည့်လာကြသည်။

"ထ၊ ဘီယာသွားသောက်မယ်၊ စင်တင်တေးဂီတရှိတဲ့နေရာ"

အားလုံး'ဝုန်း'ဆို ထလိုက်ကြသည်မှာ တက်ညီလက်ညီရှိလှသည်။ ဟိုးအရင်တစ်ခါ ကလပ်သွားပြီးအပြန်ရန်ဖြစ် အချုပ်ထဲ



ရောက်၊ အာမခံနှင့်ပြန်လွတ်ကတည်းက သူတို့တစ်တွေ ဘီယာကော၊ ကလပ်တွေပါ ဝေးနေခဲ့သည်။

ခုတော့... ရေငတ်တုန်းရေတွင်းထဲကျ ဆိုသလိုပင်။

"ပိုက်ဆံလုံလုံလောက်လောက်ပါရဲ့လား ထင်သာ"

"အေးဆေးပေါ့၊ ဆိုင်ကဒီနေ့ ဝင်ငွေအကုန်သိမ်းလာခဲ့တာ"

အဖေက သူတို့ကိုလုပ်ငန်းထူထောင်ပေးသည်မှာ ငွေပုံကြီးခွဲသုံးရသလိုဖြစ်နေသည်။ အဖေထူထောင်ပေးသောဆိုင်မှာ အရင်ကတည်းက အစီအစဉ်ရှိပြီးအကောင်အထည်မဖော်ရသေးသော အီလက်ထရောနစ်ဆိုင်ကြီးဖြစ်သည်။

ဆိုင်က မန်နေဂျာမှာအဖေ့အစီအမံနှင့် ကျွမ်းကျင်မန်နေဂျာက လုပ်ငန်းလည်ပတ်နေပြီး သူကခူးခပ်ပြီးစားရုံသာ။ ဆိုင်ထိုင်ပြီး လုပ်ငန်းကျွမ်းကျင်အောင်လေ့လာခိုင်းသော်လည်း တစ်လပြည့်တော့မည်။ ဆိုင်မှာတစ်နေ့ကုန်နေသောရက် သူ့တွင်မရှိပါ။

"မင့်အဖေက မင်းကိုလစာပဲပေးမယ်မှတ်တာ"

"ဟုတ်ဖူး၊ သူ့စကားနားထောင်ရင် အစကတည်းက ကိုယ်ပိုင်လုပ်ငန်း ထူထောင်ပေးမယ်ပြောပြီးသား"

"ဘယ်နေ့ပြုတ်မလဲ"

"ဘာ! မင်းကွာ မဦးမချွတ်"

"ဒါနဲ့ မင်းမိန်းမကိုပိုက်ဆံမအပ်ရဘူးလား"

"အပ်စရာမလိုဘူး၊ သူဆိုင်ထိုင်တဲ့နေ့သူယူ ငါဆိုင်လာတဲ့နေ့ ငါသိမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကွာ"

"မင်းတို့ဟာက မဟုတ်သေးပါဖူး"

"လူဖျိုတုန်းကအကျင့်အချို့တွေ ဖျောက်လိုက်တော့ ထင်သာ၊ သင့်သလောက်အလုပ်လုပ်၊ သင့်သလောက်လည်ကွာ"

"ခေါက်ထားလိုက်စမ်းပါ အောင်ကျော်သူရာ၊ ဘဝကခုမှစမှာ... ခုမှငယ်ငယ်လေးရှိသေးတာကို လူလိမ္မာတရားလာ မဟောနဲ့"

"မင်းဘာသာ ဘာဖြစ်ဖြစ်၊ လွန်လာရင်တော့ ပြောရမှာပဲ"

အောင်ကျော်သူစကားကြောင့် မိုးဟိန်းက ခွက်ထိုးခွက်လန် ထရယ်သည်။

"ဘာဖြစ်တာလဲ"

"ဟား ဟား၊ ရိစရာကောင်းလွန်းလို့ပါ၊ သူ့အဖေ ဦးသာချို ကြီးတောင် ပြောမနိုင်ဆိုမနိုင်ကို မင်းကဝင်ဆုံးမနေလို့ပါ၊ ခွီး ခွီး"

"အပေါင်းအသင်းကောင်းဆိုတာ ဒီလိုပဲ"

သူ့ဘော်ဒါတွေက တစ်ချက်တစ်ချက်ဒီလိုကြောင်သည်။ သူ့အဖို့ကတော့ အိမ်ထောင်ကျခြင်း၊ မကျခြင်းက မည်သို့မျှ ပြောင်းလဲခြင်းမရှိပါ။

သူက အိမ်ထောင်ကျသွားခြင်းအတွက် ဘာတစ်ခုမှ ပြောင်းလဲခြင်းမရှိဟု ထင်ထားသော်လည်း ရက်ပေါင်းသုံးဆယ် ကြာသောအခါ ပြောင်းလဲသွားသောအရာတစ်ခုကို စတင်သတိပြု မိခဲ့လေသည်။

ထိုအရာကား ငယ်ဇော့်ကိုတစ်လလုံးလုံး မမြင်မတွေ့ခဲ့ရ ခြင်းဖြစ်သည်။

သူ ပထမဆုံးသတိပြုမိသည်က မနက်အိပ်ရာထချိန်တွင် ဖြစ်သည်။

"သားလေး ထ၊ ထ၊ ကိုးနာရီထိုးတော့မယ်"

သူ့အခန်းထဲ ဝင်လာနှိုးသူကအမေ။

"ရေမိုးချိုး၊ စားသောက်ပြီးဆိုင်သွားလေ"

"ကေဇင်ရော၊ သူ မသွားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com


"သူက ဂျင်ဆိုလား၊ ဂျယ်ဆိုလားသွားမယ်တဲ့"

ပြောပြီး အမေက သက်ပြင်းချသည်။

"ကိုယ့်စီးပွားကိုယ်က စောင့်ရှောက်ရမှာပေါ့သားရယ်"

"ကောဇင်က သူ မသွားလည်းသားကိုပြော့တာမဟုတ်ဖူး"

"အမေတို့က မင်းကိုအနီးကပ်စောင့်ရှောက်ပြီးပြုပြင် လက်တွဲခေါ်သွားမယ့် သူမျိုးလိုချင်ခဲ့တာ၊ ခုတော့ ... သူ့အနေ အထိုင်က သားကပြန်ပြီး ပြုပြင်ထိန်းသိမ်းရမယ့် အခြေအနေပဲ"

အမေပြောတာကိုသူသဘောပေါက်သည်။ ညဥ့်နက် သန်းခေါင် သူအိမ်ပြန်ရောက်သော်လည်း ကောဇင်သန့် ရောက်ချင်မှ ရောက်သည်။ တစ်ခါတရံ မနက်ကိုးနာရီသူ ကုမ္ပဏီသွားဖြစ် သော်လည်း သူမ အိပ်ရာထတာမတွေ့။ Shopping တစ်ခါ ထွက်လျှင်လက်နှစ်ဖက်ဆွဲပင်မနိုင်။ အပေါင်းအသင်းကလည်း သူ့ထက်များ၍ စရိုက်စုံသည်။ ယောက္ခမတွေကိုပက်ချွဲနှပ်ချွဲဖြင့် ပါးစပ်ပိတ်စေနိုင်သော အစွမ်းလည်းရှိလေသည်။

ချစ်၍ယူထားသောဇနီးမယားမဟုတ်၍ဟိုလိုနေ သည်လို နေ ပြောချင်စိတ်လည်းမရှိပါ။

"သူလည်း ကလေးမှမဟုတ်တာ အမေရာ"

"ဟဲ့... ကလေးမဟုတ်လည်း ပြောမှသိတဲ့သူက ပြောမှ ရတာ... မင်းအဖေမျက်နှာပျက်မယ်နော်"

"အဲသလောက် မိုက်မဲအသိဉာဏ်နည်းမယ် မထင်ပါဖူးဗျာ"

အမေသည် သက်ပြင်းကိုသာအခါခါချ၏။

"ဘာစားစရာရှိလဲ အမေ"

"မုန့်ဟင်းခါးရှိတယ်"

"ဆိုင်ကလား"

"အေး"

အမေကျွေးသော မုန့်ဟင်းခါးကအရသာမရှိပေ။ အချို မှုန့်တွေများလွန်း၍ ပါးစပ်ထဲစွဲထင်ကျန်ခဲ့သည်။ အရည်ကလည်း ကျဲတောက်တောက်နှင့်...။

"မကောင်းပါဖူးအမေရာ၊ ငယ်ဇော်တို့အိမ်ကချက်တဲ့ ငါးဖောင်းပဲစစ်စစ်နဲ့ မုန့်ဟင်းခါးပျစ်ပျစ်လေးပဲ စားချင်တာ"

ထိုအခါမှပဲ ငယ်ဇော့်ကို သူသတိရတော့သည်။

"ငယ်ဇော်နဲ့ မတွေ့တာတောင်ကြာပြီ"

"ခုချိန်ကျောင်းသွားရောပေါ့"

"ဪ... ငယ်ဇော် ဂုဏ်ထူးတန်းဆက်တက်နေတာပဲ"

ကျောင်းတက်နေသည်ဆိုငြားလည်း အိမ်ကိုပေါ်မလာတာ သူ လက်ထပ်ပြီးကတည်းကဆိုတော့ တစ်လရှိပြီ။ တစ်လလုံး လုံးဝမလာဘဲနေနိုင်သော ငယ်ဇော်ကိုအံ့သြတယ်ဆိုရအောင်လည်း သူကိုယ်တိုင်လည်း ရောက်ဖြစ်သည်မဟုတ်။

"ငယ်ဇော်ကလည်း နေနိုင်လိုက်တာအမေရာ"

"မင်းကအိမ်မှမကပ်တာ... လာပါတယ်၊ တကယ်ဆို ငယ်ဇော်က အမေ့ချွေးမဖြစ်ရမှာ..."

"ဟာဗျာ အမေကလည်း"

"တကယ်ပြောတာ၊ ဒါတွေဟာ မင်းမေလိမ္မာလို့ဖြစ်ရတာ၊ ငယ်ဇော်သာဆိုမင်းအန္တိတာလည်းခံတယ်၊ အမေ့အတွက်လည်း


ခုနစ်စဉ်ကြယ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ကူဖော်လောင်ဖက်ရတယ်၊ ခုတော့... မင်းမိန်းမက ဒီအိမ်ကို အဆောင်လို့ အောက်မေ့နေလားမသိဖူး"

"မလိုချင်ပါဖူးပြောတာ၊ အမေတို့ပေးစားတာကိုး"

"မင်းအဖေကလည်း တစ်ယူသန် တစ္ဆတ်တိုး၊ အမေကြား ကခက်တယ်၊ ခုတော့ ... သူ့ချွေးမကို သူ့မျက်စိထဲတွေ့တာ မဟုတ်ဖူး"

"အဖေဆန္ဒစောတာကိုး... ဆိုးတာပဲဖြစ်ဖြစ် လိမ္မာတာပဲ ဖြစ်ဖြစ်၊ လူဆိုတာ သူ့အချိန်နဲ့သူ ရှိတယ်အမေရ"

သူ့စကားကိုအမေမည်သို့ သဘောပေါက်သည်မသိ။ ခေါင်းရမ်း၍သာ နေလေသည်။

သက်တမ်းတစ်လရှိပြီဖြစ်သော သူတို့အိမ်ထောင်ရေး မှာလဲ...

ဒီလိုနှင့်တစ်နေ့...။

"သွားလိုက်၊ လာလိုက်၊ သုံးလိုက်၊ ဖြုန်းလိုက်နဲ့ မင်းကိုယ် မင်း ကမ္ဘာကျော်ဘောလုံးသမားတစ်ယောက်ရဲ့ ဇနီးများ မှတ်နေလား"

သူလိုလူကပင် မျက်စိထဲနောက်လာ၍ ပါးစပ်ပိတ်မနေ နိုင်တော့ဘဲ ပြောလိုက်သည်။ ချောသောလှသော ကေဇင်သန့်၏ မျက်နှာမှာသူ့ရင်ထဲ အနှစ်သာရကင်းမဲ့နေသလိုခံစားရ၏။

"ပိုက်ဆံက မင်းထင်သလောက်ရှာရတာ မလွယ်ဖူးကွ၊ နောက်တစ်ခါငါ့ခွင့်ပြုချက်မရဘဲ ဆိုင်ကပိုက်ဆံယူမသုံးပါနဲ့—"

"အိုး! ဒါရှင်ပြောစရာမလိုပါဖူး၊ ကျွန်မတို့နှစ်ယောက် ပိုင်ပဲ၊ ရှင်လည်းသုံးတာပဲ"

သူ မည်သို့ပြန်ပြောရမည်နည်း။ တစ်လမ်းဆဲပဲရှိသည်။ နောက်နေ့ကစ၍ သူ မသုံးတော့ပါ။ ဆိုင်မှာလည်းစွဲစွဲမြဲမြဲ ထိုင်လိုက်သည်။ လုပ်ငန်းကတစ်နေ့ဝင်ငွေမှာ နည်းသည်မဟုတ်။

www.burmeseclassic.com



ဖိဖိစီးစီးလုပ်လျှင် အကျိုးအမြတ်များများရမှာသေချာသော နေရာဒေသအကျယ်အဝန်းရှိသည်။

သူက တေလေကြမ်းပိုးအလုပ်တွေကို စိတ်ခနဲရပ်လိုက်သောအခါ ကေဇင်သန့်နေပုံထိုင်ပုံမှာ ဖူးပေါ်သလိုဘွင်းဘွင်းကြီးပေါ်ကျန်ရစ်လေသည်။

"ဒီမှာအမိ… ဒီအိမ်ကဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ရအောင် ဒါ ဇရပ်မဟုတ်ဖူး၊ နောက်နေ့အချိန်နဲ့အချိန် ပြန်မလာလို့ကတော့ တံခါးဖွင့်ပေးလိမ့်မယ်မထင်နဲ့… ကြိုပြောထားပြီးနော်"

သူ၏ပြောင်းလဲခြင်းကို အပေါင်းအသင်းများက အံ့သြကြသည်။ အမှန်က ဘာမှအံ့သြစရာမရှိပါ။ သူ့မိဘပင်ပင် ပမ်းပမ်းရှာဖွေထားသော စည်းစိမ်ကိုသူမဟုတ်သော သူစိမ်းတစ်ရံဆံက သုံးဖြုန်းနေခြင်းကို မခံနိုင်သောစိတ်ပင်ဖြစ်သည်။

"အနေအစားချောင်မလားလို့ သူဌေးချွေးမလုပ်ပါမှ ပုပ်သင်လို ပြောသမျှခေါင်းညိတ်နေရမှာလား"

ဤနေရာတွင် ဗီဇကိုကဆိုးသောသူနှင့် ဆိုးခွင့်သာ၍ဆိုးနေသူမှာလုံးဝကွာခြားသွားလေ၏။

ကေဇင်သန့်သည် ကျဉ်းမြောင်းလာသောအနေတွင် မဲမဲမြင်သမျှ ပြဿနာရှာချင်နေသည်။ အိမ်မှာရှိနေလျှင် ဟင်းမကြိုက်တာကအစ တီဗွီအကျယ်ကြီးဖွင့်တာ၊ ညဉ့်နက်ထိ မအိပ်ဘဲ သီချင်းဆို၊ နေမြင့်မှထ၊ အိမ်ကဒေါ်ကြီးနှင့်တုဖက်ရန်ဖြစ်၊ ယုတ်စွအဆုံးစားပြီးအမှိုက်ကိုပင်နေရာတွင်ပစ်ထားခဲ့သူပင်တည်း။

●

အခန်း (၅)

ဒီည…

လကလေးက ခပ်ကွေးကွေးလေးသာနေသည်။

ပြတင်းဝမှ ဝင်လာသောလေပြည်နှင့်အတူ ညမွှေးပန်းရနံ့တို့က ညကိုပို၍ကဗျာဆန်သွားစေသည်။ မီးခလုတ်ကိုပိတ်ပြီး မြူလွှလွှအိပ်ရာထက် လဲလျောင်းလိုက်သောအခါ အခန်းလေးက စိတ္တဇဆန်သွားသလိုပင်။

ယယ်ဇော်သည် လရိပ်ကိုငြိုရင်းအိပ်၍မပျော်ပါ။ လွမ်းဆွတ်နာကျင်သောဝေဒနာသည် ရင်ပြင်တစ်ခုလုံးပုရွက်ဆိတ်တက်သလို တရွရွခံစားနေရသည်။

ဟုတ်သည်။

ယယ်ဇော်လွမ်းနာကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူမအလွမ်းက ဖွင့်ထုတ်ခွင့်မရသောအလွမ်း။

"ဟင်း"

သက်မကိုချရင်း အတွေးတိမ်တိုက်ထဲမျောလွင့်သွားသည်။ မည်မျှကြာသွားသည်မသိ။ တိုးညှင်းသဲ့သဲ့ဂစ်တာသံက နားစည်ထဲ တိုးဝင်လာသည်။

"ဟော"

မကြားရတာအတော်ကြာပြီဖြစ်သော ထင်သာ၏အသံ။ သီချင်းသံက စိတ်လိုလက်ရဆိုနေသောအသံ။

ယော်စဉ်ကတည်းက သူမနှင့်တစ်ကြိမ်တစ်ခါမှမခွဲခဲ့ဖူးသော ထင်သာ။

ခုတော့...

မခွဲပါဘဲ ဘဝခြားကားဝေးနေသလိုဖြစ်နေသည်။ မျက်ရည်ပေါက်တွေခေါင်းအုံးထဲ တိုးဝင်သွားသည်။ ညသည်ရှည် လျားသော ညဖြစ်ခဲ့၏။

သူမ...

အိပ်ပျော်သွား၍လား?

ဒါမှမဟုတ်

သီချင်းသံကပဲရပ်သွား၍လားမသိ။

တလောကလုံးတိတ်ဆိတ်သွားခဲ့လေသည်။

●



ညက ယောက်ယက်ခတ်နေသော အတွေးများနှင့်အတူ အိပ်ပျော်သွားခဲ့သည်။ မနက်မိုးလင်းတော့ ပုံမှန်အတိုင်းလှုပ်ရှား သွားလာနေရသည်။ မနက်ဖြန်စနေနေ့ ကျောင်းပိတ်ပြန်ပြီဟု တွေးရင်း ကျောင်းသို့ထွက်လာခဲ့သည်။

သူမ, ကျောင်းရောက်၍မှမကြာသေး။ မေမေ့ဆီကဖုန်းဝင် လာ၏။

"သမီးရေ၊ မောင်ထင်သာ ကားအက်ဆီးဒင့် ဖြစ်လို့တဲ့"

"ရှင်!"

နှလုံးသားက 'ဒိန်း' ခနဲဆောင့်ခုန်၍ အသက်ရှူရပ် သွားသည်ဟု အောက်မေ့ရသည်။

ဘာကိုမှ စဉ်းစားမနေဘဲ အိမ်သို့တန်းပြန်ပြေးခဲ့သည်။

"ဘုရား၊ဘုရား၊ ထင်သော ဘာမှမဖြစ်ပါစေနဲ့"

●

www.burmeseclassic.com

www.burmeseclassic.com

“ထင်… ထင်သာ ဘယ်ဆေးရုံမှာတဲ့လဲမေမေ၊ သမီးလိုက်သွားမယ်”

“အိမ်ပြန်ရောက်နေပြီသမီးရဲ့ … မေမေ ခုပဲ…”

မေမေ့စကားကိုပင်ဆုံးအောင် နားမထောင်ဘဲ ထင်သာတို့အိမ်သို့ ဒရောသောပါးပြေးလာခဲ့သည်။ ဧည့်ခန်း၌ထင်သာကိုရောကြီးဒေါ်ကိုပါတွေ့ရသည်။

“လာ ငယ်ဇော်ရေ၊ သမီးသူငယ်ချင်းသတင်း ကြားပြီးပြီမဟုတ်လား”

“ဟုတ်၊ ကြားကြားချင်းကျောင်းက တန်းပြေးလာတာ”

“နှင်း၊ ငါ့ကြောင့် အတန်းပျက်သွားပြီ ငယ်ဇော်”

“ဒါ၊ ပြောစရာမလိုပါဖူးဟာ၊ နှင်း၊ ဘာဖြစ်သွားသေးလဲ”

ငယ်ဇော်က ထင်သာ့ကို ထူထူထောင်ထောင် မြင်ရ၍



စိတ်အေးသွားသော်လည်း ပူပန်စွာမေးမိနေသေးသည်။ ကြီးဒေါ်က သူမတို့စားဖို့ ထမင်းသုပ်ပေးမည်ဟုဆိုကာ မီးဖိုချောင်ထဲထသွားသည်။

နှင်း၊ နှင်း၊ ဘာဖြစ်သွားသေးလဲလို့ ထင်သာ”

“တော်သေးတာပေါ့ ဟာ၊ ခေါင်းတွေဘာတွေမထိခိုက်မိလို့… ဒီမှာ ခြေသူကြွယ်တော့ ကောက်သွားတယ်”

“ဟယ်… ဖြစ်ရလေ၊ ပြစမ်း”

ထင်သာ့ ခြေသူကြွယ်က တခြားခြေချောင်းတွေလို ဖြောင့်ဖြောင့်တန်းတန်း မဟုတ်ဘဲ တကယ်ပင်ကောက်နေ၏။

“နှင့်ဟာက ရောင်တာတော့ မရောင်ဖူးနော်၊ ကောက်တာတော့ တော်တော်လေးကို ကောက်သွားတယ်”

“ဟား ဟား ဟား ဟား”

ထင်သာက ဝါးလုံးကွဲ ထရယ်လေသည်။ ခေါင်းကိုမထိခိုက်မိဖူးပြောပြီး၊ ခု… အလကားနေရင်း အော်ရယ်နေသည်။

ရူးများသွားပြီလား …။

“ထင်သာ၊ သတိထားလေ၊ ဘာဖြစ်တာလဲ”

“ရီချင်လို့ပါဟာ”

“ဘာကို ရီချင်တာလဲ”

“နှင့်ကို”

“ဟင်! အလကားနေရင်း”

“ဒီခြေသူကြွယ်ကောက်တာက မွေးကတည်းက[illegible],

အဖေ့ဖက်ကအမွေ၊ အဖေ့ရဲ့အဖေ၊ အဘိုး အားလုံး[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရှင်းနေရေးရှင်းကအခု ငါ့အထိပါနေသေးတယ်... ဟားဟား"

"ကောင်စုတ်၊ ဒီက အဟုတ်မှတ်နေတာ၊ ဒါနဲ့... နင့်အမျိုးသမီးဘယ်သွားလဲ၊ မရှိဖူးလား"

"အိပ်ရာက မထသေးဖူးထင်တယ်"

"ဘာ"

"ငါ, ကားအက်ဆီးဒင့်ဖြစ်လို့ အိမ်ကပျာနေကြတာတောင်သူ, မသိဖူး"

သူတို့ပြောဆိုနေတုန်း ကေဇင်သန့် ထွက်လာတာတွေ့ရသည်။ ငယ်ဇော့်ကိုမြင်တော့ ကေဇင်သန့်က...

"စောစောစီးစီး ဘယ်သူများလဲလို့..."

ဆယ်နာရီခွဲ အချိန်ကို စောစောစီးစီး ဟုဆိုခြင်းမှာ သဘောရိုးနှင့် ပြောခြင်းတော့ ဟုတ်မည်မထင်ပါ။

မည်သို့ပင်ဖြစ်စေ ထင်သာ့မျက်နှာဖြင့် သည်းခံကာ ပြုံးပြလိုက်ပါသည်။ ဒါကို ကေဇင်သန့်က

"ဝါး ... ဒီလိုကြီးနေရတာ ပျင်းစရာကောင်းလိုက်တာ၊ တို့တွေနေရာချင်း ဘဝချင်း လဲမလား ငယ်ဇော်"

"ဟင်!"

မည်သို့ အဓိပ္ပါယ်ဆောင်သော စကားကိုဆိုလေသနည်း။ ငယ်ဇော် မျက်နှာရဲခနဲ ဖြစ်သွား၏။ ထင်သာက...

"မင်းမိုက်ရိုင်းလှချည်လား"

"ဟင်း ဟင်း၊ တို့က နောက်တာပါ၊ ဘာလဲ၊ အနာပေါ် တုတ်ကျသွားလို့လား"





"ပြောလေဆိုးလေ၊ မင်းအဆင့်က ဒီလောက်ပဲလား ကေဇင်သန့် ..."

"ဒီအဆင့်က နင်,ယူထားတာလေ"

"စကားကို ကြည့်ပြော၊ ငါက မင်းကိုရချင်လွန်းလို့ ယူထားတာလားဆိုတာ..."

"ဩော်... ဟော်၊နင်ကတော့တို့ကို ဘယ်ရချင်ပါ့မလဲ လေ၊ အဆက်ဟောင်းကြီးက ရှိနေတာကိုး..."

"အေး၊ရှိတော့မင်းကဘာလုပ်ချင်လဲ"

"တော်ပါတော့ ထင်သာရယ်၊ငါ သွားတော့မယ်"

"ဘာလို့သွားရမှာလဲ၊ ဒီအိမ်ကနင်ငယ်ကတည်းက ဝင်ထွက်သွားလာနေတဲ့အိမ်၊တို့တွေဖြူစင်တာကိုယ့်ကိုယ်ကိုယ်ရောအားလုံးရောသိတယ်၊ ဒီလိုလူမျိုးကပြောတာလောက်နဲ့ ဘာမှ ရှောင်ထွက်သွားစရာမလိုဘူး"

"ဟင်း ဟင်း၊ တို့အမြင်တွေ၊အကြားတွေ ချို့ယွင်းနေပြီ ထင်တာပဲ၊ နင်ဟိုဘက်ခြံငေးနေတတ်တာတွေ မနေ့ကဗီလင် အပြည့်နဲ့သီချင်းဆိုတာတွေကရိုးသားတဲ့ အပြုအမူတွေလား — ဟင်း...ဟင်း...ဟင်း..."

"ရီစရာကောင်းလှပါလား၊ မင်းက အဲဒါတွေကိုများစကား လုပ်ပြောနေတယ်ဟုတ်လား ကေဇင်သန့်"

"ပြောရမှာပေါ့၊ တို့ကတရားဝင်လင်မယားလေ"

"ဟုတ်လား၊ ငါ့စိတ်ထဲမှာတော့ အဲသလိုမထင်ဘူး၊ လက်ထပ်တဲ့နေ့ကတည်းက မင်းအသားကိုလုံးဝ မထိသေးဘူးနော—

www.burmeseclassic.com

[redacted]



မင်းနေပုံထိုင်ပုံကို မသင်္ကာလို့ပဲ၊ သိပြီလား"

"ဟင်၊ နင်... နင်"

"ဟဲ့... ဘယ်လိုဖြစ်နေကြတာလဲကွယ်"

ဒေါ်ကြေးနီက အထိတ်တလန့် ပြေးဝင်လာသည်။ ကေဇင်သန့်က

"ကျွန်မအန်တီသားနဲ့ ရှေ့ဆက်ဘယ်လိုမှမဖြစ်နိုင်တော့ပါဖူးအန်တီ"

"ဟဲ့..."

"ပြောပါစေအမေ၊ ကျွန်တော်က သူများသားသမီးလက်ထပ်ထားပြီး မှိုချိုးမျှစ်ချိုးမပြောချင်လို့ အေးအေးဆေးဆေးနေတာ ... သူကစပြီး စော်ကားလာလို့ကတော့မခံဖူး၊ အခုလည်း ဘာမှမဟုတ်ဘဲ သက်သက်မဲ့ပြဿနာရှာနေတယ်၊ ပြော... မင်းဘာဖြစ်ချင်လဲ"

"မပေါင်းဖူး၊ ကွာရှင်းပေး"

●

သူသည်မကောင်းမှု ဟူသမျှရောင်၍ အပျော်အပါးအလည်အပတ်တွေကို လျှော့ချပစ်လိုက်သောအခါ

ကေဇင်သန့်၏ သရုပ်မမှန်၊ စရိုက်မမှန်တွေက... လယ်ပြင်မှာ ဆင်းသွားသလို ထင်းထင်းကြီးပေါ်လာခဲ့သည်။

"မင်းတို့နှစ်ယောက်က ဘာနဲ့တူသလဲဆိုတော့ ဓါးက ဓါးရိုးကို တယ်တုံးပါလားလို့ ပြောတာနဲ့တူတယ်"

ချစ်သွေးက သူနှင့်ကေဇင်သန့်ကို ထိုသို့ဥပမာပေးသည်။ ရာဇာမျိုးက...

"ကောင်မလေးဘက်က သူဌေးခမည်း ခမက်လည်းရနေတယ်၊ မနိုင်တဲ့သမီးကိုလည်း ထိန်းပြီးသားဖြစ်မယ်ဆိုပြီး မင်းနဲ့လေးစားခဲ့တာသေချာတယ် ထင်သာ"

"မင်းအဖေတော့ သူ့သားထက်ဆိုးတဲ့ သူတွေ့ရကြောင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကောင်း သဘောပေါက်သွားမှာပေါ့”

“အေး”

“ခု… ဘယ်လိုဆက်လုပ်မလဲ၊ သူတော်င်းတာပေးရင် ကွာရှင်းပေးမယ်ဆိုတော့…”

“တစ်ပြားမှမပေးဖူး၊ ငါတို့လက်ထက်ပွားလည်း မဟုတ်ဖူး၊ ငါ့အဖေ ချွေးနဲ့စာတွေ…”

“ဒါဆို ကွာမပေးရင်ကော…”

“လက်ပိုက်ကြည့်နေလိုက်မယ်”

“မင်းကွာ၊ မဟုတ်သေးပါဖူး”

ဟုတ်သည်။

ကေဇင်သန့်ကိုသူ, ဒီအတိုင်းလက်ပိုက်ကြည့်နေခဲ့သည်။

●

ချစ်ခြင်းမေတ္တာ၊ ကြင်နာနွေးထွေးမှု၊သံယောဇဉ် အနှောင်အဖွဲ့ ဘာတစ်ခုမှမပါရှိသော သူ့အိမ်ထောင်ရေးသည် ချိန်ကိုက်ဗုံးတစ်လုံးလို ပေါက်ကွဲဖို့အချိန်ကိုစောင့်နေသလိုပင်…။

သူကလည်း အချိန်ကိုစောင့်နေသည်။

တစ်ဘဝလုံးအတွက် မဖြစ်သင့်သောအမှားကို သူ, ပြန်ပြင်နေချင်သည်။

မကောင်းသူပယ်

ကောင်းသူကယ်ခေတ်ကြီးထဲမှာ…

သူ, စောင့်နေသော အချိန်ရောက်လာခဲ့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

ပွဲမင်းလည်း ငွေမှား
ဆေးသမားလည်း သားသေ
ဗေဒင်သမားလည်း နွားပျောက်
ဆောက်သမားလည်း အထွင်းမကောင်း
စောင်းသမားလည်း တေးမပီ
ပန်းချီသမားလည်း ဟန်မရ။



## အခန်း (၉)

သူက နောက်ဆုံးဖြေလှမ်းကို လှမ်းမနေတော့ဘဲ စုံခုန်၍ အိမ်ထဲဝင်လိုက်သည်။ အပြင်မှာ အနောက်တောင်လေက Hip Hop သီချင်းလို ဆောင့်အောင့် တိုက်ခတ်နေပြီး မိုးပြေးကလေး ကပါ ဝေါခနဲလိုက်လာ၏။

"ဟဲ့… နင်က ထီးမပါဖူးလား"

အိမ်ထဲဝင်ဝင်ချင်း သူ့ကို ယယ်ဇော်ကပြုံးပြုံးကြည့်ရင်း မေးသည်။ သူက သူ့ကိုယ်သူငုံ့ကြည့်ရင်း …

"ပါသားပဲ"

"ငါ, အကောင်းမေးနေတာကို"

"ရော်… ခက်ပြီ၊ ငါလဲအကောင်းပြောတဲ့ဟာ၊ ဒီမှာထီး၊ ခါးကြားမှာထိုးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခါးနောက်ကထီးကို ဆွဲထုတ်ယူလိုက်သည်။

"ဒါများ၊ မဆောင်းဘဲနဲ့..."

"အိမ်နားပဲရောက်နေပြီ၊ ဒေါ်ဒေါ်မြင့်ရော၊ ဘာချက်လဲဟာ၊ အိမ်ကဟင်းမစားချင်လို့..."

ငယ်ဇော်က ဘာမှမပြောဘဲ မီးဖိုခန်းထဲဝင်ကာ ထမင်းဟင်းခူးခပ်ပေးသည်။ အရင်လိုဆို 'ငတ်ကြီးကျတယ်' ဘာညာဖြင့် မျက်စောင်းထိုး၊ နှုတ်ခမ်းစူလုပ်သူက သဘောကောင်းနေ၏။

"ဝါး၊ ငါးငပိချက်၊ အတို့အမြုပ်ကလည်းစုံ၊ သုံးပန်းကန်လောက် ဆွဲပစ်လိုက်မယ်"

"စား ... စား သားလေး၊ ထမင်းတွေမှအများကြီး၊ မင်းကြိုက်မှန်းသိလို့ ငယ်ဇော်က ပိုချက်ခိုင်းထားတာ မလာရင် လှမ်းခေါ်မလို့ပဲ"

ဒေါ်ဒေါ်မြင့်က ဘုရားပန်းလဲနေရာမှ လှမ်းပြောသည်။ သူက...

"ငါလာတိုင်း ဒေါ်ဒေါ်မြင့်ပဲ ဘုရားပန်းလဲနေတာတွေ့တယ်၊ နင်လဲတာတစ်ခါမှ မတွေ့ဖူးဘူးငယ်ဇော်၊ နင်က မိန်းကလေးဖြစ်ပြီး"

ဒါလည်းငယ်ဇော်က ဘာမှပြန်မပြောပါ။ မျက်စောင်းသာထိုးသည်။ သူ, စိတ်ထဲခွန်းတုံ့ မပြန်သောငယ်ဇော့် အပြုအမူကြောင့် တစ်ခုခုလိုသလိုခံစားရသည်။ သို့နှင့် ...

"ဘာလဲ! နင်ကငါ့လိုတစ်ခုလပ်နဲ့ စကားမပြောချင်ဖူးပေါ့၊ ဟုတ်လား ငယ်ဇော်"





## "ထင်သာ"

တုန်တုန်ခိုက်ခိုက် အော်လိုက်သံကြောင့် သူ့မှာတကယ်ပင် လန့်သွားသည်။ အလန့်တကြားဖြင့် ငယ်ဇော်ကို မော့ကြည့်မိတော့ မျက်ရည်တွေ ဝိုင်းနေလေ၏။

"မင်းသူငယ်ချင်းက အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းအတွက် အတော်လေး စိတ်မကောင်းဖြစ်နေတာကွယ်၊ ပိုပြီးဝမ်းနည်းအောင် သားက သွားစမနေနဲ့အုံး"

ဒေါ်ဒေါ်မြင့် ဝင်ရှင်းပြမှသဘောပေါက်တော့သည်။ သူလည်း ထမင်းစားခြင်းကိုလက်စသတ်၍ ရေတစ်ခွက်ငှဲ့သောက်သည်။

"ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့ ငယ်ဇော် ... အားလုံးပြီးသွားပြီလေ၊ ဘယ်သူမပြု မိမိမှုပေါ့ဟာ၊ ဘဝနဲ့ရင်းပြီး သင်ခန်းစာ တစ်ခု ရလိုက်တယ်လို့သဘောထားရတော့မှာပဲ"

"ဒါပေါ့လူလေးရယ်၊ ငယ်ရွယ်ချိန်ဘာမှ မစဉ်းစားပဲ ပေါ့ပေါ့တွေးတဲ့ အကျိုးပေါ့၊ နောင်..., မမှားဖို့နဲ့ လိမ္မာဖို့ပဲ အရေးကြီးတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်မြင့်၊ ကျွန်တော် ကောင်းကောင်းနားလည်သွားပါပြီ"

ဟုတ်သည်။ သူ, သဘောပေါက်နားလည်သွားပြီး

●

www.burmeseclassic.com



သို့သော်...

အရင်လို အရာရာပုံမှန်အတိုင်း ပြန်ဖြစ်ဖို့တော့... အချိန်က အတိုင်းအတာတစ်ခုထိ လိုနေပါသေးသည်။

●

"ပေးစမ်းကွာ၊ အဲဒီ ယင်ကောင်စားနေတဲ့မုန့်လေး ငါစားမယ်"

သူက ချစ်သွေးရေ့က ယင်တလောင်းလောင်းအုံနေသည့် နို့ဆီဆမ်းထားသော ခါဂျာမုန့်ပန်းကန်ကို လှမ်းတောင်းလိုက်၏၊ ဒီမုန့်ကို ဘာကြောင့်ခါဂျာမုန့်ခေါ်မှန်း သူလည်းမသိ။ သူသိတာက ကျွတ်ကျွတ်ရွရွ၊ ချိုဆိမ့်ဆိမ့်လေးမို့ စားကောင်းတာပဲသိသည်။

"မင်းလိုစားတဲ့သူရှိလို့လည်း ရောင်းရတာ"

ယခုလို ယင်အုံနေသောမုန့်မျိုးကို စားဖို့ဝေးစွ စိတ်ပင်ကူးမည်မဟုတ်သောမိုးဟိန်းက ထိုသို့ပြောသည်။ သူက...

"မင်းလို စားမဲ့သူသာမရှိရင် ဒီလိုဘယ်သူကရောင်းနေမှာလဲ၊ တော်တော်ဇီဇာကြောင်တဲ့ကောင်၊ မင်းယောကျာ်းဆိုတာ ငါ, ခုထိမယုံချင်သေးဖူး မိုးဟိန်း ..."

"အေးပါ၊ မင်းရဲ့ယောကျာ်းစင်စစ်ပုံကတော့ ငါ့ကွန်ပျူတာထဲမှာရှိတယ်၊ အဲဒီအတွက် မင်းငါတို့အပေါ် အကြွေးကျန်နေသေးတယ်ထင်သာ, မင်းရဲ့ ကျက်သရေမရှိတဲ့ ထင်သာမြင်သာပုံကြီးပေါ့"





သူ့ပါးစပ်တိုကနဲ ပိတ်သွားသည်။

"ငါ့မှာ ငွေညှစ်တာချည်းပဲ ခံနေရပါလား"

ဟုတ်သည်။ ကေဇင်သန့်ကလည်း ကွာရှင်းဖို့အတွက် မတန်တဆတောင်းခဲ့သည် မဟုတ်လား။

မိဘတွေက သူ့ဆန္ဒတစ်ခုတည်းမို့ သူကပေးမည်ဆိုလျှင် ကေဇင်သန့်တောင်းတာ ပေးလိုက်မည်ပင်။ သို့သော်...

သူက လုံးဝမပေးဘဲ အသာစောင့်ကြည့်နိုင်းခဲ့သည်။ မကြာပါ။ ဆိတ်ကွယ်ရာမရှိသော မကောင်းမှုက ကေဇင်သန့်ကို အလဲထိုး အနိုင်ယူခဲ့လေသည်။ ကေဇင်သန့်တို့ မိန်းကလေးအုပ်စုကိုကောင်းလေတွေ အဖွဲ့နှင့်အတူ မူးယစ်ဆေးဝါးများနှင့် ဖမ်းမိသွားသည်။ တော်သေးတာက ကေဇင်သန့်လက်ဝယ်ရှိမနေခြင်းက သက်သာသွား၏။

ဤတွင် သူနှင့်ကေဇင်သန့်တို့၏ တစ်ခန်းရပ်ပြဇာတ်နိဂုံးကမ္ပတ် အဆုံးသတ်လေ၏။ ဒီအတွက် ထိုက်သင့်သလောက်တော့ ပေးခဲ့ပါသည်။

"မင်းက လက်ငင်းဘဝမှာ အကျိုးပေးကောင်းတာကိုး... ချက်ချင်းအကျိုးပေးတာပဲ ထင်သာ"

"ဘာကိုလဲ ရာဇာမျိုး"

"မင်းအဖေနဲ့အမေပေါ် မင်းကအမြဲငွေညှစ်တာကို ပြောတာ..."

"ချီး ... မင်းတို့လည်း မြို့ဆို့တာပဲ၊ ခုမှလာပြော မနေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ စကားကဟုတ်နေတော့ အားလုံးဇက်ပုသွားကြသည်။ ခဏကြာမှ အောင်ကျော်သူက...

"မင်း ခုတလောအိမ်တွင်းအောင်းနေတာကွ ဟိုဘက်အိမ်၊ ဒီဘက်အိမ်ဇာတ်လမ်းလား"

ဘာကိုဆိုလိုမှန်း သူ သဘောပေါက်သည်။

"ငယ်ဖော်နဲ့တော့မစပါနဲ့ကွာ၊ တို့ကအဖြူထည်သက်သက်တွေကွ"

"အင်း၊ ခုထိဖြူနေတုန်းပဲလား"

"မင်းကဒီနေရာကျ တော်တော်တုံးတာပဲထင်သာ"

"ဟုတ်သားပဲထင်သာ၊ မင်းကနီးလွန်းလို့မှုန်နေတာကွ၊ ငယ်ဖော်က သဘာဝအတိုင်းလှနေတဲ့ပန်းတစ်ပွင့်ပဲ၊ ပြီးတော့... မင်းကိုစိတ်ဝင်စားနေတယ်ကွ၊ ငယ်သူငယ်ချင်းဆိုတဲ့ ဟန်ဆောင်ကန့်လန့်ကာကြီးဖုံးနေလို့ မင်းမသိတာ..."

"မဖြစ်နိုင်တာ..."

"ဒါဆိုမင်းကရော ငယ်ဖော့်အပေါ်ဘာ ခံစားချက်မှမရှိဖူးလား"

"ရှိတာပေါ့ဟ၊ ငယ်ဖော်ဖျားရင် စိတ်မချမ်းသာဖူး၊ အစားကောင်းစားရင်သတိရတယ်၊ အခက်အခဲရှိရင် ဖြေရှင်းပေးချင်တယ်၊ အများကြီးပေါ့ကွာ"

"ဒါဆိုမင်းက ငယ်ဖော်နဲ့တွေ့ရင် ဂန်ဒူးဖြစ်သွားတာထင်တယ်"

"အေး၊ မင်းနမနဲ့မှ ငါက Only နှာဘူးပဲ"





သူ့ကိုအောင်ကျော်သူက ဇက်ပိုးလှမ်းအုပ်သည်။ ချစ်သွေးက...

"မင်းက မင်းရင်ထဲကအချစ်ကို အချစ်မှန်းမသိဖြစ်နေသလားမှ မသိတာထင်သာ၊ ဥပမာကွာ..."

ချစ်သွေးက စကားကိုမဆက်သေးဘဲ စီးကရက်ကိုလက်တစ်ဆစ်ခန့်တိုသွားသည်အထိ ဖွာရှိုက်နေသည်။

"ပြောမှာဖြင့်ပြောကွာ၊ လှတာလည်းမဟုတ်ဘဲနဲ့ စတိုင်လ်ထုတ်နေသေးတယ်"

"အဟမ်း၊ ဒီလိုကွာ ခွေးချီးနင်းမိသွားတဲ့ လူတစ်ယောက်ဟာ သူနင်းမိတာခွေးချီးလား၊ ဘာလားသေချာမသိတော့အသာလေးတို့ကြည့်တယ်၊ ပြီးတော့... ကော်ကြည့်တယ်၊ ဒါလည်းမသေချာလို့ နမ်းကြည့်နဲ့ ... နောက်ဆုံးစားကြည့်လိုက်ရောတဲ့..."

"ဟာကွာ၊ မင်းဥပမာကြီးကလည်းတောက်..."

သူကဘာမှမပြောရသေး၊ ရွှံတတ်သောမိုးဟိန်းက ရှုံ့ရှုံ့ရှဲ့ရှဲ့ထလုပ်သည်။ သူက...

"စားကြည့်လိုက်တော့... ခွေးချီးမှန်းသိရောတဲ့လား"

"သိမှာပေါ့ကွ၊ မင်းသာမသိတာ"

"ဟေ့ကောင် ထင်သာ၊ မင်းလည်းစားကြည့်လိုက်ကွာ"

"တော်တော့ကွာ၊ မင်းတို့..."

ပျို့တက်နေသောမိုးဟိန်းကိုကြည့်ပြီး သူတို့တွေ ရယ်ကြရသေး၏။

●



www.burmeseclassic.com

www.burmeseclassic.com



## "ချစ်သူ....ငယ်ချင်း"

* တကယ်စစ်တဲ့ ငယ်ချစ်ပါကွယ်
ဘယ်စမ်းစမ်း၊ ညာစမ်းစမ်း
မယိုင်လဲမယ့် ချစ်ကျောက်သားတွေပါ။
ရိုးစင်းစွာချစ်မိုး၊ မင်းအပေါ်ရွာချချင်ပြီ..
သူငယ်ချင်းလေးရယ်။

* ချစ်သက်သေအဖြစ်
မင်းသောက်ထားတဲ့
စီးကရက်တိုပေါင်းများစွာ...
တိတ်တခိုးသိုဝှက်၊ ရင်နှင့်မကမြက်နိုးခဲ့တာပါ။
နှင်နဲ့ငါနဲ့ဝေးပြီး ကျိတ်ဆွေးခဲ့ရတာတွေ
သိစေချင်ပြီ သူငယ်ချင်းလေးရယ်။
နောက်ဆုံးတောင်းပန်ချင်တယ်
နှင် ငါ့အပေါ် မဖြူစင်ပါနဲ့တော့ကွယ်။

●



## အခန်း (၁၀)

"ဟော...သမီးထက်ထက်"

"ဟုတ် အန်တီ၊ ငယ်လေးဇော်ရှိလားမသိဖူး"

"အေး၊ ရှိတယ်ထက်ထက်ရေ၊ သူ့အခန်းထဲမှာရှိတယ်၊ ဝင်သာသွားလိုက်တော့ကွယ်"

ထက်ထက်က ငယ်ဇော့်အခန်းဆီလျှောက်လာခဲ့သည်။ ပထမတံခါးခေါက်ဖို့ စိတ်ကူးသော်လည်းလန့်သွားအောင် နောက်ပြောင်ချင်စိတ်ဖြင့် တံခါးမခေါက်တော့ဘဲအသာတွန်းဖွင့်၍ဝင်ခဲ့၏။

ငယ်ဇော်သည် သူ့နောက်ပါးတွင်ထက်ထက်ရောက်နေတာမသိဘဲ ထုတ်ယူကြည့်နေသောအရာများကိုဘူးထဲပြန်ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာများကို မြင်လိုက်ရသည့်ထက်ထက်မှာ…
"ဟင်"

●

ယယ်ဇော်နှင့်ထက်ထက်မှာ ဂုဏ်ထူးတန်းတက်မှ တပူးတွဲတွဲ ပေါင်းဖြစ်လာသော သူငယ်ချင်းဖြစ်သည်။ တွဲဆိုဂုဏ်ထူးတန်းကလည်း သူမနှင့် ထက်ထက်တို့နှစ်ယောက်သာ တက်နိုင်ခဲ့သည် မဟုတ်လား။

ထက်ထက်နှင့်တွဲဖူးတော့မှ ခင်မင်စရာကောင်းသော ထက်ထက်ကိုညီအစ်မအရင်းသဖွယ် သံယောဇဉ်ဖြစ်ခဲ့သည်။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ဖြစ်ခဲ့သည်။ သို့သော်… ချစ်မှုရေးရာကိစ္စများမပါပေ။ ခု … ထက်ထက်က ထူးထူးဆန်းဆန်း အချစ်အကြောင်းတွေ ပြောနေသည်။

"တို့ တစ်ခါမှမချစ်ဖူးဘူး၊ အချစ်ဆိုတာ တို့အတွက် အရမ်းစိမ်းနေတဲ့ စကားလုံးပဲ၊ ပြီးတော့လေ…"

ထက်ထက်ကဆက်ပြောရန်စကားလုံးရှာမရသကဲ့သို့ ခေတ္တစဉ်းစားသည်။ ပြီးမှ…

"ပြီးတော့…ဒီလောက်ချစ်တတ်တဲ့ မိန်းမတစ်ယောက်ကို တစ်ခါမှမတွေ့ဖူးတာ အမှန်ပဲ"





ထက်ထက်ရဲ့ အံ့သြနေမှုကို ယယ်ဇော်မတားတော့ပါ။ သူ့ကိုယ်သူတောင် ဘာမှန်းသေချာမသိသော ဘဝလျှို့ဝှက်ချက်ကြီးပေါ်သွားတာကိုပင် ရှက်ရွံ့မနေတော့ပေ။

"ဒါနဲ့ … နင် ဒီလိုပဲ နေသွားမှာလား ယယ်ဇော်"

ဘာမှပြန်ပြောစရာမရှိ၍ ထက်ထက်အမေးကိုရေငုံနှုတ်ပိတ်နေလိုက်သည်။ ယယ်ဇော်က ရေငုံနှုတ်ပိတ်နေနိုင်သော်လည်း ထက်ထက်ကမနေပါ။

"အဖြူအမဲကွဲအောင် တစ်ခုခုတော့လုပ်မှဖြစ်မယ်"

"ဟဲ့… ထက်ထက်၊ ဆယ်ကျော်သက်အရွယ်တွေ မဟုတ်ဖူးနော်၊ နှစ်ဆယ်စွန်းပြီ၊ ထင်ရာပြော၊ ထင်ရာလျှောက်လုပ် မနေနဲ့"

"အေးပါ၊ ဘယ်သူ့ဂုဏ်သိက္ခာမှမထိခိုက်ပါဖူး၊ အဖြေမှန်သိရရင်တော်ပြီ၊ နင်သာခပ်တည်တည် မင်သေသေနဲ့ ငါလုပ်တာကြည့်နေ…"

စိတ်မြန်သောထက်ထက်ကို ယယ်ဇော်မတားလိုက်နိုင်ပါ။

●



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ .... ထက်ထက်ဘယ်လဲ"

သူက သူ့အိမ်ရှေ့ကနေ ကော့လတ်ကော့လတ်ဖြတ်သွားသော ထက်ထက်ကိုလှမ်းအော်လိုက်သည်။ ကျောင်းတုန်းက ထက်ထက်နှင့်တွဲသောမိမိကျော်ကို သူတို့အင်မတန်လန့်သည်။

"နင် ခုတလောငါ့အိမ်ရှေ့ ခဏခဏဖြတ်လှပါလား ထက်ထက်"

"ဩော် ... ငယ်ချော့အိမ်လာမှတော့ နင့်အိမ်မဖြတ်လို့ ရမလားဟဲ့"

"သိပါဖူး၊ နင့်ရီးစားများဒီနားရှိနေသလားလို့ ဒါနဲ့... နင်ယောကျ်ားမယူသေးဖူးလား ထက်ထက်"

ထက်ထက်က သူ့ကိုမျက်စောင်းထိုးသည်။ ပြီးမှ ပြုံးရင်း

"ငါတော့မယူသေးဖူး၊ ငယ်ချော်တော့ ယူလိမ့်မယ်"

"ဘာ"





"နင်ကလည်းအော်လိုက်တာ၊ လန့်သွားတာပဲ၊ ဘာလဲ! အဲဒီကိစ္စနင်မသိသေးဖူးလား၊ နင်နဲ့ငယ်ချော်က သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပဲ"

"ဟော့အေး၊ ငါဘာမှမသိဖူး၊ နင်တကယ်ပြောတာလား ထက်ထက်"

"ရော... မဟုတ်ဘဲပြောရလောက်အောင် ငါ မအားဖူး၊ ငယ်ချော်က အဲဒီလူကိုလက်ခံမယ်လို့ ပြောတာပဲ၊ ဂုဏ်ထူးတန်းပြီးရင် လက်ထပ်မယ်တဲ့..."

"အဲဒီလူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ငါသိတဲ့လူလား"

"ဟင့်အင်း၊ နင်မသိဖူး၊ သူကနယ်ကနေ ဂုဏ်ထူးတန်းလာတက်တဲ့သူ"

"တစ်နယ်တကျေးကလာတဲ့ လူတစ်ယောက်အကြောင်း သူက ဘယ်လောက်သိလို့လဲ"

"ကိုသက်အောင်နိုင်က လူကောင်းပါ၊ အဲဒါ တခြားသူငယ်ချင်းတွေကို ငါ သတင်းကောင်းသွားပြောလိုက်ဦးမယ်"

ထက်ထက်က သူ့ရှေ့မှလျင်မြန်စွာထွက်ခွာသွား၏။ သူ့မှာသာ တအံ့တသြမှင်သေသေ ငေးမောကျန်ရစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်မခံနိုင်။ ဘယ်လိုနည်းနှင့်မှလက်မခံနိုင်ပါ။ ယယ်ဇော်သည် အိမ်ထောင်ရေးကို ယခုလောက်မြန်မြန်ဆန်ဆန်ကြီး မဆုံးဖြတ်သင့်ဟုထင်သည်။

သူသည်ယယ်ဇော်ရှိရာကို ဝုန်းဆိုပြေးထွက်လာမိသည် ယယ်ဇော်တို့ အိမ်ရှေ့ရောက်တော့ ယယ်ဇော့်ကားကဘီးလိမ့်နေပြီ။

"နေဦး၊ နင့်ကိုငါ မေးစရာရှိတယ်"

မောကြီးပမ်းကြီးဖြစ်လာသော သူ့ကိုယယ်ဇော်က အလန့်တကြားကြည့်သည်။ ပြီးမှ...

"ဘာလဲ! ငါချိန်းထားတာ နောက်ကျလိမ့်မယ်၊ နောက်မှမေးတော့"

ယယ်ဇော်ကပြောပြီး မောင်းထွက်သွား၍သူ့မှာအကြာကြီးငေးကြည့်ကျန်ခဲ့သည်။

သူ့ရင်ထဲ စိုးရိမ်စိတ်တွေဖြစ်ပေါ်နေပြီး ထိုစိုးရိမ်စိတ်က

သကြိန်ပြီးသွားမှာကို စိုးရိမ်တာမျိုးလည်းမဟုတ်၊ ကျောင်းပြီးသွား၍တက္ကသိုလ်ပရဂုဏ်နှင့်ဝေးရမှာကို စိုးရိမ်တာမျိုးလည်းမဟုတ်။

ယယ်ဇော်လက်ထပ်တော့မည်ဟူသော အကြောင်းအရာသည်သူ့ရင်ကိုစိုးမိုးမှုတွေ ပေးနေ၏။

ဟုတ်သည်။ သူစိုးရိမ်နေသည်။ ယယ်ဇော်လက်ထပ်သွားမှာကိုသူ စိုးရိမ်နေသည်။ ထို့ကြောင့်... ယယ်ဇော့်ကို သူ ပြောစရာတွေရှိပြီး တွေ့ချင်နေသည်။ တွေ့ချင်ပါမှ ခုထိမတွေ့ရသေးပေ။

"ဒေါ်ဒေါ်မြင့် ယယ်ဇော်ကော"

ညနေငါးနာရီထိုးတော့ ယယ်ဇော်တို့အိမ်တစ်ခေါက်ရောက်သည်။ သို့သော်... ယယ်ဇော့်ကို မတွေ့ခဲ့ပါ။

"ဟော...ထင်သာရေ၊ မင်းသူငယ်ချင်းကရုပ်ရှင်ကြည့်တဲ့"

"ဗျာ! ဘယ်သူတွေနဲ့သွားတာလဲ"

"ခုတက်နေတဲ့ အတန်းကသူငယ်ချင်းတွေနဲ့ပဲ"

သွားပြီ။ ဒါ ယယ်ဇော်လက်ထပ်မည့် သက်အောင်နိုင်ဆိုသောတစ်ယောက်နှင့် သွားတာပဲဖြစ်လိမ့်မည်။

"ယယ်ဇော်က အလုပ်မဟုတ်သေးပါဖူး၊ ဒီအချိန်မှရုပ်ရှင်သွားရင် ညကိုးနာရီလောက်မှပြန်ရောက်မှာ... ဒီအချိန် မိန်းကလေးတန်မဲ့..."

"ဟင်း ဟင်း၊ အဖော်တွေပါ ပါတယ်လူလေးရဲ့... မင်းသူငယ်ချင်းက မငယ်တော့ပါဖူး"

သူငယ်ချင်းဆိုသောစကားလုံးက အလကားနေရင်းနားခါးနေသည်။ တစ်သက်လုံးကြားဖူးနေကျစကားလုံးကို သံယောဇဉ်

www.burmeseclassic.com



ကုန်ခမ်းနေတာက အုံ့သြစရာကောင်း၏။

"ကျွန်တော် မနက်မှလာခဲ့တော့မယ် ဒေါ်ဒေါ်မြင့် ..."

သူ အလိုမကျစွာ ပြန်လာခဲ့သည်။

တစ်ခုခုတော့ မှားနေပြီ။

သူ့ အဖြေစကားဆုံးတော့ အားလုံးကခေါင်းရမ်းသည်။ သဘောကအဖြေကို လက်မခံသည့်သဘော။ ထိုသဘောကို နှုတ်မှ ထုတ်ပြောလာသူက မိုးဟိန်း။

"ဒါဆိုမင်းက ဘာလဲ ငယ်ဖော်ကို မင်းမသိစိတ် တစ်နေရာကချစ်နေတယ်ဆိုတာကျတော့လည်း ငြင်းတယ်၊ ချစ်မနေ ဖူးဆိုရင် ဘာဖြစ်လို့သွေးရူးသွေးတန်း ဖြစ်နေရသေးလဲ"

"ဒါ...ဒါတော့ကွာ၊ ငါတို့ကငယ်သူငယ်ချင်းတွေဆိုတော့ မသူတော်နဲ့တွေ့မှာ စိုးရိမ်လို့ပါ"

"အပိုတွေလုပ်မနေနဲ့ ... မင်းလိုမိန်းမတစ်ယောက် အဖတ်တင်နည်းလားဆိုပြီး ခွတ်ယူတဲ့လူဘယ်သူမှမရှိဘူး၊ သေချာ စဉ်းစားပြီးမှ ဆုံးဖြတ်ကြတာ"

"မိုးဟိန်းပြောတာမှန်တယ်၊ မိုးဟိန်းကို ငါတို့ထဲမှာအငယ်

www.burmeseclassic.com



ဆုံးကလေးဆိုပြီး လျှော့မတွက်နဲ့ ထင်သာ... အကုန်သိတယ်"

"ဘယ်လောက်ထိ ထဲထဲဝင်ဝင်သိထားသလဲ"

"တော်ကြစမ်းပါကွာ..."

မိုးဟိန်းက အော်သည်။

သူ့ရင်တစ်ခုလုံးကတော့ ရှုပ်ထွေးနေ၏။ ခုထိ ... ဘာမှန်း မသိသေး။

"မင်းရင်ထဲကအချစ်ကိုသေချာအောင် ခွေးချီးနင်းမိတဲ့လူလို တို့ကြည့်၊ နမ်းကြည့်၊ စားကြည့်ချင်သေးသလား ထင်သာ"

"တော်ပါတော့... အဲဒီဥပမာကြီး"

မိုးဟိန်းကထအော်ပြန်သည်။ မိုးဟိန်းရဲ့ရွံရှာတတ်သော အကျင့်ကပို၍ပင်ဆိုးလာသည်။ ဒါကြောင့်လည်းရီးစားပင် မရသေးပါ။ မိုးဟိန်းကြိုက်နေသော ကောင်မလေးကိုပင်ရွံရှာတတ်၍ အဆက်ဖြတ်ပစ်လိုက်သည်။

ဖြစ်ပုံကဒီလို....

မိုးဟိန်းက သူကြိုက်နေသောကောင်မလေးကိုမည်၍ မည်မျှချောကြောင်းလှကြောင်း နားမခံသာလောက်အောင် နေ့စဉ် ဖွဲ့နွဲ့ ပြောဆိုလေ့ရှိသည်။

ဒါကိုသူတို့တွေက နားကလောနေကြသည်။ သူငယ်ချင်း တွေဆိုတော့ ဒီလိုကိစ္စနားမထောင်လို့လည်းမရပေ။ ဒီတော့ အကြဲထုတ်ရသည်။

နောက်တော့... အမှတ်တမဲ့လိုလိုနှင့် မိုးဟိန်းကြိုက်နေသော ကောင်မလေးညစ်ပတ်ပုံကို ပြောကြသည်။ ဒိုင်ခံပြောသူကချစ်သွေး။





"မိုးဟိန်း မင်းရဲ့အချောတကာ့ထိပ်ခေါင်တင်အလှရှင် လေးကိုတွေ့ခဲ့တယ်ကွ"

"ဟေ!ဟုတ်လား၊ ဘယ်မှာလဲချစ်သွေး"

မိုးဟိန်က အရောင်တောက်သောမျက်လုံးများဖြင့်မေးသည်။

"ဒေါ်ချစ်တို့အသုပ်ဆိုင်မှာ... ထောင့်စွန်းစားပွဲနေရာယူပြီး နှပ်ချီးတွေကလော်နေတာကွာ...ပြီးတော့ မကောင်းသူထိပ်၊ ကောင်းသူထိပ်သဘောလားမသိဖူး၊ လက်ညှိုးနဲ့ကလော်ပြီး မသိမသာတောက်တောက်ပစ်နေတယ်... ငါကလည်း မင်း ကောင်မလေးမို့ သတိထားကြည့်နေတော့ မြင်နေရတာပေါ့လေ"

ချစ်သွေးပြောနေသော စကားတွေနားထောင်ပြီး မိုးဟိန်း ခမျာနင်တင်တင်ဖြစ်နေသည်။ နောက် တစ်ရက်နှစ်ရက်ကျတော့ လည်းချစ်သွေးကပင် စိတ်ပျက်သည့်လေသံဖြင့် ပြောပြန်သည်။

"ငါကလည်းကွာ၊ မိုးဟိန်းအလှဖုရားလေးမို့ ကောင်မလေး ကိုသတိထားပြီး ဂရုတစိုက်လိုက်ကြည့်နေမိတာ ... ကြည့်သော သူမြင်တာပဲ"

"ဟ! ဘာတွေမြင်ကုန်ပြီလဲ"

"တခြားမဟုတ်ဖူး၊ မိုးဟိန်းအသဲလေးကို ကားမှတ်တိုင်မှာ တွေ့တော့ ဖိနပ်ကြီးတစ်ဖက်ချွတ်ပြီး ဘာလုပ်နေတယ်ထင်သလဲ"

"ဘာလုပ်နေလဲ၊ ထင်သာလိုသွားလေရာထီးမပါလို့ ဖိနပ်ချွတ်ပြီး ခေါင်းပေါ်တင်ဆောင်းနေသလား"

"အဲသလိုဆိုတော်သေးရဲ့... ခုဟာက ဖိနပ်တစ်ဖက် ချွတ် ကိုင်ပြီး နင်းမိလာတဲ့ခွေးချီးမခြောက်တခြောက်တွေကို[illegible]နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အွန်"

မိုးဟိန်းက ပြူးကြောင်ကြောင်မျက်လုံးများဖြင့် ကြည့်နေသည်။ ချစ်သွေးကဆက်ပြီး...

"ခွာနေတာမှ လက်နဲ့ကွ၊ မသကာတုတ်နဲ့ကော်ရင်တော် သေးတယ်"

"ဝေါ့"

မိုးဟိန်းဆီမှ ပျို့အန်ချင်သံထွက်လာသည်။ ရာဇမျိုးက

"ဝေါ့မနေနဲ့... မင်းကြိုက်လှပါချည်ရဲ့ဆိုတဲ့အလုပဂေးပဲ"

"လက်နဲ့ခွာရုံနဲ့ မပြီးသေးဖူးကွ"

ချစ်သွေးကဆက်ပြောသည်။

"ဟေ"

"ငါက မိုးဟိန်းကောင်မလေးဆိုတော့ မျက်နှာလုပ်ပြီး ငါစားနေတဲ့စားလက်စ မချစ်စုသရက်သီးစိတ်တွေကို ကျွေးလိုက်မိတယ်၊ မိန်းကလေးတွေက အဲသလိုအချဉ်တွေကြိုက်တယ် မဟုတ်လား၊ ဟန်တောင်မဆောင်ဖူးကိုယ့်လူရေ ... ချက်ချင်းနှိုက်စား တော့တာပဲ"

"ဟင်! ဖိနပ်က ချေးချီးတွေခွာနေရာကနေ"

"အေးလေ၊ ချေးချီးကတော့ ခွာလို့ပြီးသွားပြီ၊ ဒါပေမယ့် လက်မဆေးရသေးဘဲ အဲဒီလက်ကြီးနဲ့ သရက်သီးစိတ်တွေ နှိုက်နှိုက်စားလိုက်တာ... ငါတောင်နှစ်စိတ်လား စားလိုက်ရတယ်"

"ဝေါ့ ... ထွီ ... ဝေါ့"

ချစ်သွေးစကားလည်းဆုံးရော မိုးဟိန်းခမျာ တဝေါ့ဝေါ့



ထိုးအန်နေလေပြီ။ သည်စဉ်ကတည်းက ထိုကောင်မလေး အကြောင်း မိုးဟိန်းလုံးဝမပြောတော့ပါ။

အလှဆုံး၊ အချောဆုံး၊ အချစ်ဆုံးဆိုတာ ဘယ်ဆီ ဘယ်ဝယ်ရောက်သွားလေသည်မသိ။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူ့တွင်ရုတ်တရက်ပြောစရာစကားမရှိပါ။ သို့သော် တစ်ခုခုတော့ ပြန်ပြောရမည်။ ဒီအတိုင်းလက်လျှော့လိုက်လျှင်လည်း သူ ညံ့ရာကျသည်။

"ပြောလေ၊ ငါလက်ထပ်မှာကို နင်ကဘာကြောင့် လိုက်ပြော၊ လိုက်တားနေရတာလဲ ထင်သာ"

"ဟ! အိမ်ထောင်ပြုတယ်ဆိုတာ အရမ်းပြုလို့ရမလား၊ ဘာမှအလောသုံးဆယ် လုပ်စရာမလိုဖူး"

"အလောသုံးဆယ်မဟုတ်ဖူး၊ ကိုသက်အောင်နိုင်ကို ဂုဏ်ထူးတန်းစတက်ကတည်းက ငါလေ့လာထားတာ၊ သူက လူကောင်းတစ်ယောက်ပါပဲ"

"လူကောင်းတိုင်းသာလက်ထပ်ရရင် ဒီလောကမှာ



လူကောင်းတွေမှ အများကြီး"

"နင် ငါ့ကိစ္စဘာမှလာမပြောနဲ့ထင်သာ၊ နင့်တုန်းကရော ငါ ဘာတစ်ခွန်းဝင်ပြောခဲ့လို့လဲ"

"ဒါတော့ ငါကယောကျာ်းလေးကိုး၊ ပူစရာမလိုဖူးလေ၊ အဲဒါတွေအသာထား... နင်ကအဲဒီလူကိုချစ်လို့လား"

"နင့်တုန်းကရော ကေဇင်သန့်ကိုချစ်လို့လား"

"ငယ်ဖော် နင်စကားကိုကပ်ပြောမနေနဲ့ ... အဲဒီလူနဲ့ လက်မထပ်ရဖူးဆိုမထပ်နဲ့ ... ဒါပဲ"

သူကပြောပြီးလှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာဒေါသအရှိန် ကမပြေသေးဘဲ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည်။ တစ်နယ်တကျေး ကအကြောင်းမသိ၊ ဘာမသိသူကို လူကောင်းဆိုတိုင်း လက်ထပ် စရာလား။

မဖြစ်ချေ။ ငယ်ဖော်လက်ထပ်တော့မည်ဆိုသော ထိုလူ့ အကြောင်းကို ခရေစေ့တွင်းကျသိရအောင် အသေးစိတ်စုံစမ်းမှ ဖြစ်တော့မည်။ ဒါမှ ပြစ်ချက်တစ်စုံတစ်ရာတွေ့လျှင် ထောက်ပြ တားဆီးနိုင်သည်။

အချိန်မှ မီပါဦးမည်လားမသိ။

www.burmeseclassic.com

www.burmeseclassic.com

သူ့အသိဉာဏ်နှင့်အမှတ်သညာတွင် တစ်သက်လုံးစွဲထင် သိမှတ်လာသည်က ယယ်ဇော်သည်သူ၏ ငယ်သူငယ်ချင်းဖြစ်သည် ဆိုတာပင်။

သူငယ်ချင်းတွေက သူ ယယ်ဇော့်ကိုချစ်နေသည်ဟု သူ့ကိုယ်သူပင် မသိသောအရာကို အသေအချာဝိုင်းဝန်းပြောဆိုကြသည်။

သူကတော့ ဒီအဆင်နှင့်ဒီအဆင်ချစ်စရာလားဟု ငြင်းမြဲငြင်းနေခဲ့၏။

ဒါသာမက ယယ်ဇော်ကလည်းသူ့ကို ချစ်နေပါသည်ဟု ပြောကြပြန်သည်။ အဲဒီကိစ္စမှာ ပို၍ပင်မဖြစ်နိုင်ပါ။ ယယ်ဇော်က သူ့ကိုဆိုတစ်စက်မှ ကြည့်လို့ရတာမဟုတ်။

တစ်ကွက်မှလည်းအကောင်းမထင်။ သူ့ဖခင်လိုအမြဲတမ်း **ရှုတ်ချနေ**သူဖြစ်သည်။



ထိုသို့ အခြေအနေရှိသော လူနှစ်ယောက်တစ်ယောက်ကို တစ်ယောက် အဘယ်သို့များချစ်နေနိုင်ပါမည်နည်း။

သို့သော်...

သို့သော်...

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com

"ငါ မပြောဖူးလား၊ နင်တို့ထင်တာမဟုတ်ပါဖူးဆို..."

"မကျေနပ်သေးဖူးငယ်ဖော်၊ ငါတို့ထင်တာမဟုတ်ဖူးဆိုရင် ဒီကောင်ဘာလို့ သွေးရူးသွေးတန်းဖြစ်နေစရာလိုသေးသလဲ၊ ခုပဲကြည့်... နင့်အမေနဲ့အဖေကိုလာပြောသွားပြီမဟုတ်လား"

ထက်ယက်ပြောတာ ဟုတ်နေသော်လည်းငယ်ဖော်က လက်မခံချင်သေးပါ။ သူ့ကို ထင်သာချစ်နေတယ်ဆိုတာကို လုံးဝမယုံပါ။ မယုံဆိုထင်သာ့အနေဖြင့် သူမကိုတကယ်ချစ်နေတာ မှန်လျှင်ဘာမှငဲ့ကွက်စရာမလိုဘဲ ဖွင့်ဟနိုင်သည်။

ခုတော့... ဖွင့်ဟဝန်ခံတာမျိုးမလုပ်ပေမယ့် သူမလက်ထပ်မှာကို မလိုလားစွာကန့်ကွက်တားဆီးနေသည်။ ငယ်ဖော့်မိဘနှစ်ပါးကိုလည်းအရမ်းကာရော ခွင့်မပြုလိုက်ဖို့ဒေါ်နှင့်မောနှင့်လာပြောနေသည်။



အဖေနှင့်အမေကရယ်ရင်း ...

"မင်းသူငယ်ချင်းက အရွယ်ရောက်နေပြီပဲကွယ်၊ သူ့ဖာသာဆုံးဖြတ်တတ်ပါတယ်၊ ဒေါ်ဒေါ်မြင့်တို့က သူ့ကိုယုံကြည့်ထားတာပဲ"

"မင်းကောချစ်သူမရသေးဖူးလား မောင်ထင်သာ၊ ဦးလေးကတော့လူငယ်တွေကြား ဝင်မပါဖူးနော်၊ မင်းတို့ဖာသာကြည့်လုပ်ကြ၊ ဟဲ ဟဲ ဟဲ"

ဖေဖေကသဘောကျသလိုရယ်တော့ ထင်သာတစ်ယောက်မခံချိမခံသာဖြစ်ကာပြန်ထွက်သွားသည်။ သို့သော် ငယ်ဖော့်ကိုချစ်ကြောင်းဖွင့်ဟပြောခြင်းမရှိပါ။

"ထင်သာ့ရင်ထဲက သဘောထားအမှန်ထွက်လာဖို့နောက်ဆုံးထုတ်သုံးမယ့် ဝက်ဖဲတစ်ချပ်ကျန်ပါသေးတယ်၊ တို့ဂုဏ်ထူးတန်းလည်ပြီးတော့မှာပဲ၊ စာမေးပွဲပြီးတာနဲ့... နင်ကိုသက်အောင်နိုင်နဲ့ စေ့စပ်ပွဲလုပ်လိုက်ရုံပဲပေါ့ ငယ်ဖော်ရာ ဟင်း ဟင်း"

www.burmeseclassic.com

သူသည် ငယ်ဇော်နှင့်လက်ထပ်မည့်လူကို စိတ်ဝင်တစား လှေ့လာသည်။ ဘာတဲ့…။ ထိုသူ့နာမည်က သက်အောင်နိုင် ဆိုလားပဲ။ ကြည့်ရတာ ကုတ်ချောင်းချောင်းနှင့် တစ်စက်မှ အချိုးမပြေ။ မဟုတ်တာလုပ်ထားပြီး အပြစ်တစ်ခုခုကို ဖုံးကွယ်ထားသည့်ပုံ။

"ဟွင့် ရုပ်ကိုက ကြွက်ကတိုးရုပ်၊ ဒီရုပ်ကြီးနဲ့များ ငယ်လေးဇော်ကို လက်ထပ်အုံးမယ်တဲ့၊ အံ့ရောပဲ"

သူသည် ငယ်ဇော်ကိုတားမရသောအခါ သက်အောင်နိုင် ဆိုသူကို ရှုံ့မဲမဲလာခြင်းဖြစ်သည်။

"ဒီမှာ… ခင်ဗျားက ကိုသက်အောင်နိုင်နော်"

ငယ်ဇော်မသိအောင် ကိုသက်အောင်နိုင်ကိုသွားတွေ့ခဲ့သည်။

"ဟုတ်တယ်၊ ကိုယ်က သက်အောင်နိုင်ပဲ၊ ဒီက **မိတ်ဆွေက**"



"ခင်ဗျားက ငယ်လေးဇော်နဲ့ လက်ထပ်မယ့်သူပေါ့"

"ဒါကကိုယ်တို့ကိစ္စပါ၊ မိတ်ဆွေနဲ့ မဆိုင်ဖူးထင်တယ်"

"ဟား… ကျွန်တော်တို့က နှစ်အိမ်တစ်အိမ်နေလာတဲ့ ငယ်ပေါင်းသူငယ်ချင်းတွေဗျ"

"အဲဒီတော့…"

"ခင်ဗျားမှာ ဘယ်လိုအရည်အချင်းတွေရှိလို့လဲ"

"အရည်အချင်းဟုတ်လား၊ ဘာကိုဆိုလိုတာပါလိမ့်"

"ကျွန်တော့်သူငယ်ချင်းကို လက်ထပ်မယ့်သူကတော်ရုံ တန်ရုံအရည်အချင်းနဲ့ မရဖူးဆိုတာသိစေချင်တယ်"

"ဟူး… ကိုယ့်လူကတော်တော်ကြောင်တာပဲ၊ အဲဒါ ငယ်ဇော်ပြောရမှာပါ၊ ငယ်ဇော့်ဆုံးဖြတ်ချက်ပဲ အရေးကြီးတာ မဟုတ်လား၊ သူငယ်ချင်းဆိုသူငယ်ချင်းအဆင့်မှာပဲနေ… သူများ အတွင်းရေးထိ ဝင်မစွတ်ဖက်နဲ့လေ"

သူငယ်ချင်းဆိုသော တံတိုင်းကြီးကကာဆီးထား၍ ထင်သလို မထိုးဖောက်နိုင်ခဲ့ပါ။

"တောက်… နေနှင့်ဦးပေါ့၊ ဒီကောင်က ဘာကောင်လဲ ရုပ်ကိုကရိုးသားပုံမပေါက်ဖူး"

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့်....

နေ့နှင့်ညအချိန်နာရီတွေကို နေမင်းနှင့်လမင်းက တစ်လှည့်စီယူဆောင်သွားသည်။

ဤသို့ဖြင့် ငယ်ဖော်တို့စာမေးပွဲပြီးတော့မည်။ သူဘယ်လိုပင်တားတား ငယ်ဖော်ကလက်ထပ်မှာသေချာသည်။ အသေအချာလည်းပြောပြီးပြီ။

ခုချိန်... သက်အောင်နိုင်၏ ပြစ်ချက်တစ်ခုခုတွေ့လို့ကတော့ ပွဲသိမ်းပစ်လိုက်လို့ရသည်။ ဒီလူ့နောက်ကြောင်းရာဇဝင် စုံစမ်းနေတာလည်း ခုထိသေချာမသိရသေးပေ။

"တောက်"

ငိုခြင်းရယ်ခြင်းက စိတ်ကိုသက်သာရာရစေသည်တဲ့။ သူကဟော့... စိတ်မသက်သာလို့ ငိုလိုက်၊ ရယ်လိုက်ဖြစ်နေရလေသည်။

●



အခန်း (၁၂)

မေးခွန်းတစ်ခုမေးပါမည်။

အကယ်၍ချစ်ခြင်းမေတ္တာသည် အဆုံးမရှိဟုဆိုပါအံ့။ ချစ်ခြင်းမေတ္တာ၏ မူလအစသည်ဘယ်မှာနည်း။

●

မနက်ဖြန်တွင် ငယ်ဖော်တို့အိမ်၌ပွဲတစ်ခုရှိသည်။ ထိုပွဲကား ငယ်ဖော်၏စေ့စပ်ပွဲဖြစ်သည်။

ဟုတ်သည်။ မနက်ဖြန်ငယ်ဖော်တစ်ယောက် **စေ့စပ်တော့**မည်။ စေ့စပ်ပွဲအတွက် ကျွေးမွေးဖို့ကအစပြင်**ဆင်နေကြသည်မှာ** ဒီဘက်ခြံကကြည့်ရင်း မျက်စိပင်နောက်**သည်။**



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း၊ ဖုတ်ပူမီးတိုက်လုပ်ရအောင် အတော့်ကိုလင်လိုချင်နေသလားယယ်ဖော်"

သူကခပ်ရိုင်းရိုင်းပင် တွေးပစ်လိုက်သည်။ ထို့နောက် မရွှေစိမ့်နိုင်လွန်းစွာ တစ်နေကုန်အိပ်နေခဲ့သည်။

"ဟဲ့... သား၊ ဟိုဘက်အိမ်ကို နည်းနည်းပါးပါး သွားကူပါဦးလား"

"မကူချင်ပါဖူးအမေရာ၊ အလကားအလုပ်မရှိ အလုပ်ရှာဆိုင်က အော်ဒါမှာကျွေးလိုက်ပါလား"

အမေပြောတာကို သူကခါးခါးသီးသီးငြင်းလိုက်သည်။ အမေကပြုံးရင်း...

"ကိုယ့်အိမ်က ချက်တာသာအကောင်းဆုံးပဲ၊ အမေကတော့ ရေချိုးပြီးရင် တစ်ခေါက်သွားလိုက်ဦးမယ်"

"အလကားဗျာ၊ အမေပါပင်ပမ်းတယ်"

"သားလေးကလည်း၊ အလကားနေရင်း စိတ်တွေတိုနေသလိုပဲ၊ အဲဒါ... သာရဲ့ ယယ်သူငယ်ချင်းလေ၊ ဒီလောက်တော့ လုပ်ပေးရမှာပေါ့၊ သားတို့နှစ်ယောက်သာ ငယ်သူငယ်ချင်းအဆင့်ကနေကျော်ပြီး အိမ်ထောင်ဖက်အဖြစ် တစ်ယောက်ကိုတစ်ယောက် သဘောကျခဲ့ကြရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ခုတော့ချွေးမကောင်းလေးတစ်ယောက်လက်လွှတ်ရတော့မယ်"

"ဗျာ"

သူ့ရင်ထဲဖုတ်လိုက်ဖုတ်လိုက်ဖြင့် မျက်လုံးတွေပျာဝေသွားရသည်။





တော်ပြီ။ ဘာကိုမှမမြင်ချင် မကြားချင်တော့ပါ။ ဒီနေ့ညမိုးဟိန်းတို့အိမ်သွားအိပ်တာပဲ ကောင်းမည်။ ဖြစ်နိုင်လျှင် အားလုံးမေ့သွားအောင် အမူးသောက်ဖို့စိတ်ကူးမိသည်။

သို့နှင့်...

မိဘနှစ်ပါးကိုခွင့်တောင်းပြီး အိမ်မှထွက်လာခဲ့၏။ ဒီတစ်ခါတော့ သွားလေရာအမြဲပါတတ်သော ထီးကိုယူသွားဖို့ သတိမရဘဲ မေ့ကျန်ထားခဲ့သည်။

လမ်းပေါ်ရောက်တော့ အချိန်အခါမဟုတ်ဘဲ မိုးကဖြိုန်းဆို ရွာချသည်။

ထိုအခါမှ စီးတော်ယာဉ်မော်တော်ကားပါ မေ့ကျန်ရစ်ခဲ့မှန်းသတိရတော့သည်။

ဟင်း... ငါ့နှယ်...။

www.burmeseclassic.com

ညက… သောက်လည်းသောက်၊ ညဥ့်နက်မှလည်းအိပ်ရာဝင်ခဲ့၍ မနက်ကျတော့နေမြင့်မှနိုးသည်။ နိုးလျှင်နိုးချင်း အရက်နာကျ၍ ခေါင်းတွေကအုံခဲနေသည်။

"ဟော့ကောင် ထင်သာ၊ ထလေ… စေ့စပ်ပွဲသွားရမှာ မဟုတ်လား"

မိုးဟိန်းက ရေချိုးပြီးပြီ။ မွေးပွတဘက်ဖြင့် ရေစိုနေသော ဆံပင်တွေသုတ်ရင်း သူ့ကိုလှမ်းပြောသည်။

"မဒီနာဖျော်ပေးသွားတဲ့ ပျားရည်နဲ့ သံပုရာရည်သောက်ပြီး ရေချိုးလိုက်၊ မင်းရဲ့ငယ်ပေါင်းကြီးဖော် သူငယ်ချင်းမရဲ့စေ့စပ်ပွဲကိုသွားပြီး ဝါးတီးမယ်၊ ခဏနေ ဟိုကောင်တွေလာကြတော့မှာ"

အားလုံးက တက်ကြွနေသလောက် သူတစ်ယောက်သာလေးကန်နေသည်။ မာန်တင်းနေသည့်ကြားမှ စိတ်ကမပျော်။ တစ်ခုခုကိုဆုံးရှုံးသွားသလို ယူကြုံးမရဖြစ်နေသည်။





"ထစမ်းပါထင်သာရာ"

"နေပါအုံး၊ စေ့စပ်တာနှစ်ဖက်လူကြီးချင်းပြီးတယ်၊ ဘာသွားစရာလိုသလဲ"

"ဟာ! တခြားလူမလိုပေမယ့်၊ မင်းကဘော်ဒါအရင်းကြီးလေ၊ မင်းကိုမှီပြီး ငါတို့ကကြွံစုတ်ရမှာကွ…"

"အဲဒီက ကျွေးတာထက်ပိုကောင်တာ ငါ ဝယ်ကျွေးမယ် ဘယ်မှသွားစရာမလိုဖူး"

"မင်းက ဘာဖြစ်ရပြန်တာလဲ"

"ဘာဖြစ်ဖြစ်ကွာ"

"နောင်တရနေပြီလား"

"လုံးဝပဲ"

"ကြောက်ကန်ကန်ပြီး ဖုံးကွယ်နေပေမယ့်၊ မင်းဖြစ်နေပုံက သိသာတယ်ထင်သာ"

"တော်စမ်းပါ မိုးဟိန်းရာ"

"အေးလေ၊ ခုချိန်မှ ငယ်ဖော်ကိုချစ်နေပါတယ်လို့ ဝန်ခံလည်း အချိန်မမီနိုင်တော့ပါဖူး"

မိုးဟိန်းရဲ့မချိုမချဉ်မျက်နှာက ထထိုးပစ်ချင်စရာကောင်းလှသည်။ ဆက်အိပ်နေ၍မရတော့သောကြောင့် ထလိုက်ရသည်။

ထိုအချိန်မှာပဲ ချစ်သွေး၊ အောင်ကျော်သူနှင့် ရာဇာမျိုးတို့ရောက်လာကြသည်။ သူက…

"စောစောစီးစီးကွာ၊ မင်းတို့တော်တော်အားနေကြသလား"

"မစောတော့ဖူးကိုယ့်လူရေ… ကိုးနာရီထိုးပြီ၊ သတင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးလည်းနားထောင်ဦး၊ သတင်းထူးတယ်"

ရာဇာမျိုးက အရေးတကြီးပုံစံမျိုးဖြင့်ပြောလာသည်။ ချစ်သွေးက...

"ဟုတ်တယ်ထင်သာ၊ စောစောကပဲသတင်းတစ်ခုကြားလို့ ငါတို့မင်းဆီအမြန်ဆုံးပြေးလာကြတာ..."

မနေ့ညကဘော်ဒါတွေနှင့် လက်ဖက်ရည်ဆိုင်မှ လမ်းခွဲကြ၍ သူ မိုးဟိန်းတို့အိမ်မှာလိုက်အိပ်တာသိသောကြောင့် ယခုမနက်လိုက်လာကြခြင်းပင်။

"ဘာသတင်းမို့လဲ"

"ငယ်ဖော်နဲ့ လက်ထပ်မယ့် ကိုသက်အောင်နိုင်ရဲ့ သတင်းပဲ"

"ဟင်! ဘာလဲ... ငါစုံစမ်းခိုင်းတဲ့လူဆီကတော့ ဘာသတင်းမှအထွေအထူးမဖူး"

"အေး၊ အခုမှမမျှော်လင့်ဘဲရတာ၊ မနက်က ငါ့အစ်ကိုနဲ့ စကားပြောရင်း မမျှော်လင့်ပဲကိုသက်အောင်နိုင်အကြောင်းပါလာတယ်၊ ငါ့အစ်ကိုသမီးရဲ့ကျူရှင်ဆရာကကိုသက်အောင်နိုင်ပဲ"

"ဒါနဲ့ပဲ သတင်းထူးရောလား အောင်ကျော်သူ"

"နေအုံးလေ၊ စကားမဆုံးသေးဖူး၊ နားထောင်... သတင်းထူးကတော့ ဒီလို ဒီလိုဟေ့ ..."

အောင်ကျော်သူက သူ့အစ်ကိုဆီကကြားခဲ့ရသော ကိုသက်အောင်နိုင်အကြောင်းကို ပြန်ပြောပြသည်။ အောင်ကျော်သူ့စကားလည်းဆုံးရော 'ဝုန်း' ဆို သူ ထရပ်မိသည်။



"ဟင်! အဲဒါ ... တ တကယ်တဲ့လား"

"အသေအချာပဲ၊ အလကားနေရင်း ငါ့အစ်ကိုက မဟုတ်တာမပြောဖူး"

"တောက်၊ ဒီလူဟာမရိုးသားဘဲ တစ်ခုခုဖုံးကွယ်ထားမယ်လို့ ငါထင်ခဲ့တာမှန်နေပြီပေါ့"

"အဲဒီတော့ မင်းဘာလုပ်မလဲ ထင်သာ"

"ခုချက်ချင်းငါသွားမယ်၊ တော်ပါသေးရဲ့... အချိန်မီနိုင်သေးတယ်"

"ဆယ်နာရီဆိုစေ့စပ်ပွဲစလို့ ပရိသတ်တွေစုံနေပြီ၊ ခု ... ကိုးနာရီဆယ်မိနစ် ဟိုရောက်ရင်ဆယ်နာရီပဲ"

"ပြောနေတာကြာတယ်၊ သွားပြီကွာ"

"ဟေ့ကောင် ထင်သာ"

"ငါတို့ကိုစောင့်ဦး"

"မင်း သွားမတိုက်မျက်နှာမသစ်ရသေးဖူးနော် ထင်သာ"

သူဘာကိုမှဂရုမစိုက်ဘဲ မိုးဟိန်းတို့အိမ်မှဒရောသောပါး ထွက်ခဲ့သည်။ အားလုံးက ထပ်ချပ်မကွာလိုက်လာကြ၏။

တော်ပေါသေးရဲ့...။

ကိုသက်အောင်နိုင်ရဲ့ အကြောင်းကိုအချိန်မီသိလိုက်ရလို့...

www.burmeseclassic.com

www.burmeseclassic.com

"ငယ်ဇော် နင်တို့ရဲ့စေ့စပ်ပွဲ ခုချက်ချင်းရပ်လိုက်ပါ"

ရွှန်းသံ၊ ပန်းကန်သံ၊ သီချင်းသံ၊ ရယ်မောစကားပြောသံများကဆူညံနေ၏။ ထိုအသံတွေအားလုံးကို ဖုံးလွှမ်းကာသူ့စကားသံကဟည်း၍ထွက်လာသည်။

အသံဗလံများ တဒင်္ဂတိတ်သွား၏။ သူကပဲဆက်၍ပြောလိုက်သည်။

"အခု... နင်နဲ့စေ့စပ်တဲ့ ကိုသက်အောင်နိုင်ဆိုတာ လူပို့မဟုတ်ဖူး၊ အိမ်ထောင်နဲ့... သူ့မှာအခါလည်အရွယ်ကလေးတစ်ယောက်တောင်ရှိတယ်တဲ့..."

သူ့စကားကြောင့် အံ့သြတဲ့သူတွေက အံ့သြကြသည်။ ကြောင်အအဖြစ်သူက ဖြစ်သွားကြသည်။

"ဘာပဲဖြစ်ဖြစ်ဟာ ... နင် သူနဲ့လက်မထပ်ရဘူး၊ သူ လူပျိုပဲဖြစ်ဖြစ်၊ လူအိုပဲဖြစ်ဖြစ်လက်မထပ်ရဘူး၊ သူမှမဟုတ်ဘူး





တခြားဘယ်ယောကျ်ားတစ်ယောက်နဲ့မှ လက်မထပ်ရဘူး"

"ဟဲ့ ထင်သာ"

"နင့်ကို ငါချစ်တယ် ငယ်ဇော်၊ ဒါကြောင့်... ငါ့ကိုပဲ နင် လက်ထပ်ရမယ်၊ လာ..."

"ဟဲ့..."

"အို"

သူက ငယ်ဇော့်လက်ကိုဆတ်ခနဲဆွဲလိုက်သည်။ ငယ်ဇော့်မျက်နှာတစ်ခုလုံး ရဲရဲနီစွေးလျက်ရှိ၏။

"လိုက်သာသွားတော့သမီးရေ... ဟင်း ဟင်း ဟင်း"

ငယ်ဇော်မိခင်ဒေါ်လေးလေးမြင့်က ရယ်ရင်းလှမ်းပြောသည်။ သူ့မိခင်ကလည်း ...

"သွား၊ ခြံထဲမှာသွားစကားပြောကြလေ"

သူ ကြောင်သွားသည်။ ငယ်ဇော်က...

"ထင်သာ၊ နင်လုပ်လိုက်မှဖြင့်တကယ့်ကို ထင်သာမြင်သာပဲ ဟွန့်..."

www.burmeseclassic.com

www.burmeseclassic.com



သူ နောက်မှသိလိုက်ရတာက အားလုံးလုပ်ကြံ ဇာတ်လမ်းတွေဆိုတာပါပဲ။ တကယ်တော့ ကိုသက်အောင်နိုင်က ထက်ထက်ရဲ့အစ်ကို။ ဇာတ်လမ်းဆင်ပြီးဒါရိုက်တာလုပ်သူက ထက်ထက်။ ကျန်အပေါင်းအသင်းများက ဇာတ်ပို့တွေဖြစ်ကြသည်။ ကိုသက်အောင်နိုင်ရဲ့ဇနီးက မိမိကျော်..

အားလုံးဟာကွက်တိ၊ ချိန်ကိုက်။

ခုတော့... သူ့ရင်ထဲက အချစ်တွေရှန်းကြွပေါက်ကွဲထွက်ခဲ့သည်။

သူ ဘယ်အချိန်ကတည်းက ငယ်ဖော်အပေါ်ချစ်နေခဲ့သလဲဆိုတာကိုတော့ မစဉ်းစားတတ်ပါ။ ငယ်သူငယ်ချင်းဆိုသော အဖြူရောင်တံတိုင်းကြီးကာထား၍ သူ့အချစ်တွေကိုမမြင်ရခြင်း ဖြစ်သည်။

●

"ဒါ ဘာတွေလဲ ငယ်ဖော်"

"ငါ့ရဲ့ ချစ်သက်သေတွေလေ"

ငယ်ဖော်ပြသောအရာများက ဘူးတွေနှင့်အပြည့်ထည့်ထားသော စီးကရက်တိုများဖြစ်သည်။ ထိုအရာများက ထက်ထက်အမှတ်တမဲ့မြင်သွားခဲ့သော အရာများပင်။

ငယ်ဖော်တို့အိမ် ထင်သာလာတိုင်းသောက်ပြီးချန်ထားခဲ့သော စီးကရက်တိုများကို ဟိုးနှစ်များစွာကတည်းက သိမ်းဆည်းထားခဲ့သည်။

ဒါကို ငယ်ဖော်တစ်ယောက် တစ်သက်လုံး လျှို့ဝှက်ထားခဲ့၏။

ဤသည်ကား ခါးတုတ်သောဒလက်မပိုင်ရှင်တွေ၏ လျှို့ဝှက်မှုပင် ဖြစ်တော့သည်။

●



အမှန်က ငယ်ဖော်တို့အိမ်တွင်လုပ်သော ကျွေးမွေးပွဲသည် ငယ်ဖော့်ကျောင်းမှ ဆရာ၊ ဆရာမများနှင့်အပေါင်းအသင်းများကို သီးသန့်ကျွေးမွေးသော နှုတ်ဆက်ပွဲဖြစ်သည်။

သူ့ကိုတော့ အားလုံးကပိပိရိရိဇာတ်လမ်းဆင်ကပြသွားခဲ့ကြသည်။

သူကဖြင့်အဟုတ်ကြီးမှတ်၍ ယောက်ယက်ခတ်နေခဲ့ရပြီး နောက်ဆုံးကျွေးမွေးခံနေသော လယ်ပုံအလယ်ပေါက်ကွဲခဲ့သည်။ ရင်ထဲကအချစ်တွေ အံ့ကြွပွင့်ထွက်သွားသည်။

ခုမှတွေးပြီး ရှက်လိုက်တာ...။

"ဘာပဲပြောပြော ငါတို့နှစ်ယောက်ခုလိုပွင့်လင်းသွားတာ ထက်ထက်ကျေးဇူးကြောင့်ပဲ၊ သိလား ငယ်ဖော်"

"ဟွန်း ... မိမိကျော့် ကျေးဇူးလည်းပါတယ်— သူ့ခင်ပွန်း ကိုသက်အောင်နိုင်ကို ငှားခဲ့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



ငယ်ဇော်ကမျက်စောင်းထိုးရင်းပြောသည်။ သူက...

"အေးလေ ... ငါတို့လက်ထပ်ပြီးရင် သူတို့ကိုကျေးဇူးဆပ်ကြတာပေါ့"

"အံမာ..."

"ဒါပေမယ့် ... လူပုံအလယ်မှာ ငါ့အဖြစ်ကို ရှက်လိုက်တာဟာ..."

"သေလိုက်"

"နှင် ငါ့ကိုဘယ်အချိန်ကတည်းက ကျိတ်ကြိုက်နေတာလဲ ငယ်ဇော်"

"နှင်နော်"

ငယ်ဇော့်မျက်နှာရဲရဲတွတ်သွားသည်။

"နှင် ငြင်းမယ်တော့မကြံနဲ့ငယ်ဇော်၊ ထက်ထက်ဆီက အကုန်လုံး ငါ သိပြီးပြီ"

"ဟယ် ကြည့်စမ်း"

"ဟုတ်တယ်နော်၊ ငါက နှင်တို့အိမ်လာတိုင်းစီးကရက်သောက်ပြီး ဆေးလိပ်တိုကိုထားချင်တဲ့နေရာ ထားခဲ့တာ... ခုတော့ ကံကောင်းသွားတာပေါ့..."

"သွားကွာ"

"မသွားပါရစေနဲ့ဟာ... ငါတို့နှစ်ယောက် ချစ်လိုက်ကြစို့နော် သူငယ်ချင်း"

ငယ်ဇော်က ခေါင်းငုံ့သွားပြီးပြုံးနေသည်။ ပြီးမှ...

"ငါ နှင့်ကိုပြန်ချစ်ချင်လို့ မဟုတ်ဖူးနော်... ဒါပေမယ့်...



ဇေဒင်သွားမေးတော့ ဒီရက်ပိုင်းမှာချစ်ရေးဆိုတဲ့သူကို ပြန်ချစ်လိုက်ပါတဲ့၊ သင့်အပေါ်ကြင်နာပါလိမ့်မယ်ဆိုလို့ ... ဟွန့်..."

ဘာပဲဖြစ်ဖြစ် သူ ပျော်သည်။

ခုတော့ ...

သူတို့နှစ်ယောက်ရဲ့အချစ်က ထင်သာမြင်သာရှိသွားခဲ့ပြီ မဟုတ်လား။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသောလုံးချင်းဝတ္ထုများ


၁။ ထိချက်ပြင်းတဲ့မြား

၂။ ပန်းနားလည်တဲ့လိပ်ပြာတေး

၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို

၄။ ဆွဲလက် (Power King) ဗွီဒီယို

၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်

၆။ အချစ်ကယ် (Power King) ဗွီဒီယို

၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို

၈။ မမီမကမ်းနဲ့ မလွမ်းချင်ဘူး

၉။ ဖူး...ဟဲ့

၁၀။ နှလုံးသားချင်းဆိုင်

၁၁။ ကြောင်ခြစ်တဲ့ဖူးစာ

၁၂။ နင်နဲ့ငါ (Power King) ဗွီဒီယို

၁၃။ ကဲ







၁၄။ ဟုတ်

၁၅။ အချစ်ရှာ (အောင်တိုင်းကျော်) ဗွီဒီယို

၁၆။ အလင်းရောင်ရဲ့ကျွန်း

၁၇။ ဖန်ဆင်းရိပ်

၁၈။ ဝှစာ

၁၉။ ချစ်ရတာ အဆင်ပြေလား

၂၀။ ဗလာမပါ ချစ်ကံစမ်းမဲ (လပ်ကီးပဲလေ့) ဗွီဒီယို

၂၁။ ချစ်လက်ခုပ်

၂၂။ အလွမ်းလား နားထား

၂၃။ နှစ်သက်နှင်းဆီ

၂၄။ ကတ်သီးလေး (ခရေဖြူ) ဗွီဒီယို

၂၅။ ဟင့်အင်းမင်းသားနှင့် အိုးဂေါ်မင်းသမီး

၂၆။ အသည်းခွဲယင်

၂၇။ အနမ်းသရဲ

၂၈ ဗလာမပါချစ်ကံစမ်းမဲ နှင့် အခြားအပိုဆုများ

၂၉။ ပါးပါးလေးပဲချစ်

၃၀ မွေးစားဝေဒနာ ________

________

ယခုလ

၃၁ ထင်သာမြင်သာ




www.burmeseclassic.com